Premier ELEVEN SPORTS JOURNAL
FEBRUARY







လက်ရှိကမ္ဘာ့အကောင်းဆုံး ပြည်တွင်းလိဂ်ပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရတာ လာလီဂါပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့အကျော်ကြားဆုံးလိဂ်ပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရတာကတော့ ပရီးမီးယားလိဂ်ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲ(၂)ခုဟာ ကမ္ဘာ့ဘောလုံးပရိသတ်စိတ်ဝင်စားမှုအရှိဆုံး လိဂ်ပြိုင်ပွဲ(၂)ခုဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတွေ စုရုံးရောက်ရှိကစားနေတဲ့ ပြိုင်ပွဲ(၂)ခုလည်း ဖြစ်ပါတယ်။ ချန်ပီယံဆုအတွက် အကြိတ်အနယ်ရှိပြီး ရလဒ်ခန့်မှန်းရခက်တဲ့ပွဲကောင်းတွေနဲ့ အမြဲဆွဲဆောင်နေတတ်တဲ့ ပရီးမီးယားလိဂ်နဲ့ လာလီဂါ ပြိုင်ပွဲ(၂)ခုဟာ ဒီနှစ်မှာတော့ အရင်ရာသီတွေကထက်တောင် ပိုပြီးဆွဲဆောင်မှုအားကောင်းနေတယ်လို့ ဆိုနိုင်ပါတယ်။ ဥရောပရဲ့ ကြီး (၅)ကြီးလို့ တင်စားခေါ်ဆိုကြတဲ့ ထိပ်သီးလိဂ်ပြိုင်ပွဲ(၅)ခုမှာ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါ၊ ပြင်သစ်လီဂူး-၁ပြိုင်ပွဲတွေက ချန်ပီယံဖြစ်နိုင်မယ့်အသင်းတွေ ခပ်ရေးရေးထွက်ပေါ်လာပြီဖြစ်ပေမယ့် ပရီးမီးယားလိဂ်နဲ့ လာလီဂါမှာတော့ ဘာကိုမှ တပ်အပ်မပြောနိုင်သေးတဲ့ အနေအထားတစ်ရပ်ကို ရောက်ရှိနေပါတယ်။ စီးရီးအေမှာ ဂျူဗင်တပ်စ်အသင်းက ရမှတ်(၉)မှတ်ပြတ်နဲ့ ထိပ်ဆုံးကဦးဆောင်နေသလို၊ ဘွန်ဒက်စ်လီဂါမှာလည်း ဘေယန်မြူးနစ်က ရမှတ်(၁၆)မှတ်ပြတ်နဲ့ ဦးဆောင်နေပါတယ်။ ပြင်သစ်လီဂူးမှာလည်း PSG က

# ဘယ်သူမှမသေချာ ဘာမှမရေရာသေးတဲ့ ပရီးမီးယားလိဂ်နဲ့ လာလီဂါ

ရမှတ်(၅)မှတ်ပြတ် ဦးဆောင်နေပြီး ချန်ပီယံဆုကို ပြန်လည်ထိန်းသိမ်းနိုင်ဖို့ အခြေအနေကောင်းနေပါတယ်။ ပရီးမီးယားလိဂ်မှာတော့ လက်ရှိချန်ပီယံ မန်ယူအသင်းက ဖလားစွန့်လွှတ်ရဖို့ သေချာနေသလို ဒီဖလားကိုရယူဖို့ ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီးအသင်းတွေအပြင် ရလဒ်ကောင်းတွေ ပြန်ယူနေတဲ့ လီဗာပူးလ်အသင်းကိုပါ ထည့်စဉ်းစားဖို့လိုအပ်နေပြီး ရာသီကုန်မှာ ဘယ်အသင်းလက်ထဲ ပရီးမီးယားလိဂ်ချန်ပီယံဆုဖလား ရောက်ရှိသွားမလဲဆိုတာ ဘယ်သူမှ တစ်ထစ်ချပြောလို့မရနိုင်သေးတဲ့ အနေအထားတစ်ရပ်ပါ။ ပရီးမီးယားလိဂ်မှာ ထိပ်သီး (၄)သင်းကြား ရမှတ်မပြတ်တာထက် ပိုပြီးစိတ်ဝင်စားစရာကောင်းနေတာက လာလီဂါပြိုင်ပွဲပဲဖြစ်ပါတယ်။ ပွဲစဉ်(၂၄)အထိ ကစားပြီးချိန်မှာ ထိပ်ဆုံး(၃)သင်းရမှတ်(၆၀)မှတ်စီနဲ့ အမှတ်တူဦးဆောင်နေတာမျိုးဟာ အခုနောက်ပိုင်း လာလီဂါပြိုင်ပွဲတွေမှာ မြင်တွေ့ရလေ့မရှိတဲ့ အခြေအနေမျိုးပါ။ အရင်က လာလီဂါပြိုင်ပွဲတွေမှာ အခုလိုအချိန်ဆိုရင် ဘာစီလိုနာ(သို့မဟုတ်)ရီးယဲလ်တစ်သင်းသင်းက ရမှတ်ဖြတ်ဦးဆောင်တာမျိုး ဒါမှမဟုတ် ဒီနှစ်သင်းက ကျန်အသင်းတွေကို ရမှတ်ဖြတ်ဦးဆောင်တာမျိုးတွေ တွေ့မြင်ရတတ်ပေမယ့် ဒီရာသီမှာတော့ အက်သလက်တီကိုအသင်းကပါ ချန်ပီယံပြေးလမ်းမှာ အရှိန်မလျှော့စတမ်း ပြေးနေတာကြောင့် နိုင်ပွဲသရေပွဲ ရှုံးပွဲတွေပါ ထူးထူးခြားခြားတူပြီး ရမှတ်တူ(၃)သင်း အပြိုင်ဖြစ်နေတာကို ပရိသတ်တွေတွေ့နေရတာဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပဝင်ခွင့်၊ တန်းဆင်းဇုန်တိုက်ပွဲတွေ အတွက်လည်း ကျန်အသင်းတွေကြား ရမှတ်တွေသိသိသာသာ ခြားနားတာမျိုးမရှိတာကြောင့် ကမ္ဘာ့အကောင်းဆုံးလိဂ်ပြိုင်ပွဲ(၂)ခုဖြစ်တဲ့ ပရီးမီးယားလိဂ်နဲ့ လာလီဂါမှာ ဘယ်အသင်းမှ မသေချာ၊ ဘာကိုမှ ရေရေရာရာမပြောနိုင်သေးတဲ့ အနေအထားလို့သာ ဆိုရမှာပါ။

**ပရီးမီးယားလိဂ်ပွဲစဉ်(၂၇)**

၂၂/ ၂၃-၂-၂၀၁၄

| | | |
|---|---|---|
| ချယ်လ်ဆီး | - | အဲဗာတန် |
| အာဆင်နယ် | - | ဆန်းဒါးလန်း |
| ခရစ္စတယ်ပဲလေ့စ် | - | မန်ယူ |
| ကာဒစ်ဖ် | - | ဟားလ်စီးတီး |
| မန်စီးတီး | - | စတုတ်စီးတီး |
| ဝက်စ်ဘရွန်း | - | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | - | ဆောက်သမ်တန် |
| လီဗာပူးလ် | - | ဆွမ်ဆီး |
| နယူးကာဆယ် | - | ဗီလာ |
| နော်ဝစ်ချ် | - | စပါး |

**လာလီဂါပွဲစဉ်(၂၅)**

၂၂/ ၂၃/ ၂၄-၂-၂၀၁၄

| | | |
|---|---|---|
| ဆိုစီဒက် | - | ဘာစီလိုနာ |
| ဗယ်လာဒိုလစ် | - | လီဗန်တေး |
| အက်စ်ပန်ညို | - | ဗီလာရီးယဲလ် |
| ဆယ်လ်တာဗီဂို | - | ဂီတာဖေး |
| အယ်လ်မီရီယာ | - | မာလာဂါ |
| ဗယ်လင်ကာနို | - | ဆီဗီလာ |
| အိုဆာဆူနာ | - | အက်သလက်တီကို |
| ဘက်တစ် | - | ဘီလ်ဘာအို |
| ဗလင်စီယာ | - | ဂရန်နာဒါ |
| ရီးယဲလ် | - | အယ်ချီ |

QUIZ 11

Premier Eleven Sports Journal Vol:11 No.26 23, February, 2014



မန်စီးတီးအသင်း၏ထောင့်ကန်ဘောကို အကာအကွယ်ပေးနေသည့် ဘာစီလိုနာဂိုးသမား ဗိုလ်ဒက်စ်

# အိမ်ရှင်အသင်းတွေ ပြန်လာဖို့ခက်သွားခဲ့တဲ့

## ချန်ပီယံလိဂ်ရှုံးထွက်(၁၆)သင်းအဆင့် (ပ-ကျော့)သုံးသပ်ချက်

### မန်စီးတီးအိပ်မက် အဆုံးသတ်

### မန်စီးတီး ၀-၂ ဘာစီလိုနာ

ဘောလုံးမှာ မဖြစ်နိုင်တာမရှိဆိုပေမယ့် ဖြစ်နိုင်ခြေအလွန့်အလွန်နည်းသွားတဲ့အခြေအနေကို မန်စီးတီး ရင်ဆိုင်ခဲ့ရတယ်။ ပယ်လီဂရီနီရဲ့အမှားက ပုံစံကောင်းရနေတဲ့ လက်စ်ကော့ကို သုံးမယ့်အစား ဒီမစ်ချယ်လစ်ကိုသုံးခဲ့တာပဲ။ ဒီမစ်ချယ်လစ်ကပဲ ဒီပွဲကိုအဆုံးအဖြတ်ပေးခဲ့တယ်။ မိနစ်(၃၀)လောက်အပြီးမှာ ဘာစီလိုနာရဲ့ ဘောလုံးပိုင်ဆိုင်မှုက (၇၅)ရာခိုင်နှုန်းနီးပါးရှိခဲ့တယ်။ ဒါပေမဲ့ အခွင့်အရေးကောင်းတွေကို မဖန်တီးနိုင်ဘူး။ တကယ်အခွင့်အရေးရတာက မန်စီးတီးဖြစ်ပြီး နီဂရီဒို တစ်ကြိမ်ဖြုန်းတယ်။ ဆေးလ်ဗားရဲ့ ဖရီးကစ်ကန်ချက်ကတစ်ဆင့် ဘာစီလိုနာဂိုးရှေ့မှာ ရှုပ်ထွေးသွားတဲ့ တစ်ကြိမ်ဖြစ်တယ်။ ဘာစီလိုနာက ဘောလုံးကိုင်ထားနိုင်တာကလွဲပြီး ဘာမှမလုပ်နိုင်ဘူး။ ယာယာတိုရေးနဲ့ နီဂရီဒိုတို့က ဘာစီလိုနာခံစစ်ကို အလုပ်ရှုပ်စေခဲ့တယ်။

ဒါပေမဲ့ နီဂရီဒိုကခွန်အား ကြံ့ခိုင်မှုအရသာ ဘာစီလိုနာခံစစ်ကို ဝင်တိုးနေတာဖြစ်ပြီး ဦးနှောက်မရှိဘူး။ Quality မရှိဘူး။ ဆေးလ်ဗားကတော့ မန်စီးတီးရဲ့တန်ပြန်တိုက်စစ်တွေမှာ အဓိကအရေးပါတဲ့နေရာမှာရှိခဲ့တယ်။ ဒုတိယပိုင်းပြန်စတော့ မန်စီးတီးပိုကောင်းလာတယ်။ တကယ်ဆိုရင် ဘာစီလိုနာအသင်းဦးဆောင်ဂိုးမရခင် တစ်မိနစ်လောက်အလိုအထိ မန်စီးတီးရဲ့ကစားပုံက ဘာအမှားမှမရှိဘူး။ ကွန်ပနီက ခံစစ်ကြောင်းကို အကောင်းဆုံးဦးဆောင်ထားတယ်။ ကွင်းလယ်ကလည်း ခံစစ်ကိုကူနိုင်သလို၊ တိုက်စစ်ကို ပံ့ပိုးနိုင်တယ်။ ဒါပေမဲ့ ပွဲရဲ့ကံကြမ္မာအလှည့်အပြောင်းက မိနစ်(၅၀)ကျော်မှာဖြစ်ခဲ့တယ်။ ဘာစီလိုနာအသင်းရဲ့ ခံစစ်ဘယ်ခြမ်းမှာ နာဗတ်စ် ဆွဲထွက်ဖို့ကြိုးစားတာကို ဘက်စကွက်စ်တားတယ်။ ဘောလုံးကိုမထိဘဲ ခြေထောက်ကိုတားမိတယ်။ Foul ပေးရမယ့်အနေအထားကို ကွင်းလယ်ဒိုင် အဲရစ်ဆင်က လွှတ်ပေးလိုက်တယ်။ ဒီဘောလုံးကို အင်နီယေစတာက မက်ဆီရဲ့ပြေးလမ်းကြောင်းထဲကို ချပေးလိုက်တယ်။ ဒီအချိန်မှာ မန်စီးတီးခံစစ်က နေရာယူလွဲနေတယ်။ ကွန်ပနီနဲ့ ဒီမစ်ချယ်လစ်တို့ကြားက Space က မက်ဆီမဟုတ်ဘဲ သာမန်တိုက်စစ်မှူးတစ်ဦးဆိုရင်တောင် အလွယ်တကူ အခွင့်အရေးယူနိုင်တဲ့အနေအထားဖြစ်တယ်။ နောက်ခံအတွင်းလူ(၂)ဦးမှာ ကွန်ပနီက အဆင်သင့်ရှိပေမယ့် မက်ဆီက သူ့ဇုန်ထဲမှာမဟုတ်ဘူး။ မက်ဆီရောက်နေတာက ဒီမစ်ချယ်လစ်ရဲ့ဇုန်ဖြစ်ပြီး ဒီမစ်ချယ်လစ်က ရှေ့ရောက်နေတယ်။ ဒီအားနည်းချက်ကြောင့် ဒီမစ်ချယ်လစ် စွန့်စားလိုက်ရတယ်။ နောက်ကနေ ပိုင်းလိုက်တဲ့အနေအထားက ဂိုးသွင်းခွင့်ကိုတားဆီးနိုင်ပေမယ့် Foul ဖြစ်သွားတယ်။ Last Defender ဖြစ်တဲ့အတွက် အနီအပြခံလိုက်ရတယ်။ ဒီနေရာမှာ ကွင်းလယ်ဒိုင်က ထပ်မှားတယ်။ အနီပြသင့်တဲ့အနေအထားဖြစ်ပေမယ့် ပယ်နယ်တီပေးလို့တော့မရဘူး။ စည်းအပြင်မှာ ဒီမစ်ချယ်လစ်က တားခဲ့တာဖြစ်တယ်။ ဒီဆုံးဖြတ်ချက်အလွဲကို မက်ဆီက ဂိုးအဖြစ်ပြောင်းလဲလိုက်တယ်။ နောက်ပိုင်းမှာ မန်စီးတီးအခွင့်အရေးအနည်းငယ်ရပေမယ့် အပိုင်ဂိုးတွေကို တစ်ယောက်အသာ ဘာစီလိုနာက ကန်ခွင့်ရတယ်။ ဝီကေးတစ်လုံးသွင်းပေမယ့် လွတ်ကျွံနေတယ်။ အဲဗက်စ်ရဲ့ကန်ခွင့်တစ်ကြိမ် တိုင်ဘေးက ကပ်ထွက်တယ်။ ဘာစီလိုနာရဲ့ နောက်တစ်ဂိုးကတော့ ပွဲချိန် မိနစ်(၉၀)မှာ ရခဲ့တာပါ။ အဲလ်ဗက်စ်-နေမာ-အဲလ်ဗက်စ် တွဲလုံးကနေ ဂျိုးဟတ်ရဲ့ပေါင်ကြားထဲက အဲလ်ဗက်စ်ကန်သွင်းခဲ့တာဖြစ်ပါတယ်။

### အဖြေထွက်သွားတဲ့ပွဲ

### လေဗာကူဆင် ၀-၄ PSG

ပထမအကျော့ပွဲစဉ်အပြီးမှာပဲ ဒီပွဲက အဖြေထွက်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။ အိမ်ရှင်လေဗာကူဆင်အသင်းအနေနဲ့ ဂျာမန်မြေဆိုတဲ့၊ မာကျောတယ်ဆိုတဲ့၊ တိုက်စစ်ကောင်းတယ်ဆိုတဲ့အချက်တွေအားလုံး ပျောက်ဆုံး ပျက်သုဉ်းသွားပါတယ်။ PSG အသင်းက ပွဲအစအဆုံး သက်သောင့်သက်သာ ကစားသွားတယ်။ ပွဲအစ (၃)မိနစ်မပြည့်ခင်မှာပဲ ဦးဆောင်ဂိုးရခဲ့ပြီး၊ ဗာရက်တီရဲ့ လုပ်ပေးတဲ့အခင်းအကျင်းကို မာတွီဒီက သွင်းယူခဲ့တယ်။ (၃၉)မိနစ်မှာ လာဗက်ဇီကြောင့် ပယ်နယ်တီရပြီး အီဘရာဟီမိုဗစ်က ဒုတိယဂိုး ထပ်သွင်းတယ်။ (၃)မိနစ်အကြာမှာပဲ အီဘရာဟီမိုဗစ်က အဝေးကန်ချက်နဲ့ တတိယဂိုးသွင်းပြီး ပွဲပြီးခါနီးမှာ နယူးကာဆယ်ကွင်းလယ်လူဟောင်း ကာဘာယီက အဝေးကန်ချက်နဲ့ပဲ နောက်ဆုံးဂိုးကို သွင်းယူခဲ့တယ်။ PSG အသင်းရဲ့ နိုင်ပွဲအတွက်အရေးပါတဲ့ ကစားသမားတွေက တိုက်စစ်မှူး အီဘရာဟီမိုဗစ်နဲ့ ဘယ်နောက်ခံလူ မက်ဇ်ဝဲလ်တို့ဖြစ်တယ်။ အဖွင့်ဂိုးကလွဲပြီး ကျန်(၃)ဂိုးမှာ မက်ဇ်ဝဲလ်ရဲ့ ပံ့ပိုးမှုတွေက အဓိကကျခဲ့တယ်။ ကွင်းလယ်မှာလည်း သီယာဂိုမော့တာနဲ့ ဗာရက်တီအတွဲက တစ်ကွင်းလုံးကိုစိုးမိုးထားပြီး စိတ်တိုင်းကျကစားနိုင်ခဲ့တယ်။ မာတွီဒီက တိုက်စစ်ကို လွတ်လွတ်လပ်လပ်ကစားခဲ့ပြီး လူးကပ်စ်၊ လာဗက်ဇီနဲ့ အီဘရာဟီမိုဗစ်တို့ကြားမှာ ချိတ်ဆက်ကစားပေးခဲ့တယ်။ ဒုတိယပိုင်းမှာ အိမ်ရှင်အသင်းရဲ့ နောက်ခံလူ စပါဟစ် အနီကတ်ထိခဲ့တဲ့အတွက် လုံးဝမျှော်လင့်ချက်မဲ့သွားတယ်။ နောက်ပိုင်းမှာ အခွင့်အရေးတွေအကြိမ်ကြိမ်ရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့လို့ လေဗာကူဆင် သက်သာခဲ့တယ်။ အီဘရာဟီမိုဗစ်ကတော့ ဒီပွဲက ဂိုး(၂)ဂိုးကြောင့် ချန်ပီယံလိဂ် ဂိုးအများဆုံးသွင်းသူစာရင်းမှာ (၉)ဂိုးသွင်းထားတဲ့ စီရော်နယ်လ်ဒိုထက် (၁)ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့တယ်။

စာမျက်နှာ(၁၄)သို့ ➢➢➢

**မန်စီးတီး(၄-၂-၃-၁)**

ဂျိုးဟတ်
ဇာဘာလက်တာ ကွန်ပနီ ဒီမစ်ချယ်လစ် ကလစ်ချီ
ယာယာတိုရေး ဖာနန်ဒင်ညို
နာဗတ်စ် ဒေးဗစ်ဆေးလ်ဗား ကိုလာရော့ဗ်
နီဂရီဒို

လူစားလဲကစားသူများ

ကိုလာရော့ဗ်(လက်စ်ကော့ ၅၈')၊ နာဗတ်စ်(နာဆရီ ၅၈')၊ နီဂရီဒို(ဇီကို ၇၄')

**ဘာစီလိုနာ(၄-၃-၃)**

ဗိုလ်ဒက်စ်
အဲလ်ဗက်စ် ပီကေး မာရှေရာနို အယ်လ်ဘာ
ဘက်စကွက်စ်
ချာဗီ ဖာဘရီဂတ်စ်
ဆန်းချက်ဇ် မက်ဆီ အင်နီယေစတာ

လူစားလဲကစားသူများ

ဆန်းချက်ဇ်(နေမာ ၇၄')၊ ဖာဘရီဂတ်စ်(ဆာဂျီရော်ဘတ်တို ၈၆')

| ပွဲမှတ်တမ်း | မန်စီးတီး | ဘာစီလိုနာ |
|---|---|---|
| ဂိုး | ၀ | ၂ |
| ဂိုးပေါက်ကန်သွင်းမှု | ၉ | ၁၁ |
| ဂိုးပေါက်တည့်မှု | ၃ | ၄ |
| ဂိုးပေါက်ကာကွယ်မှု | ၂ | ၃ |
| ထောင့်ကန်ဘော | ၁ | ၄ |
| လူကျွံဘော | ၀ | ၆ |
| ပြစ်ဒဏ်ဘော | ၁၉ | ၁၁ |
| အဝါကတ် | ၂ | ၂ |
| အနီကတ် | ၁ | ၀ |
| ဘောလုံးပိုင်ဆိုင်မှု | ၃၂% | ၆၈% |

**လေဗာကူဆင်(၄-၃-၃)**

လီနို
ဟော့လ်ဘက် စပါဟစ် တိုပရက် ဂွဲဒါဒို
လာ့စ်ဘန်ဒါ ရောလ်ဖက်စ် ကတ်စထရို
ဆစ်ဒနီဆမ် ကီဆလင်း ဆွန်ဟောင်မင်

လူစားလဲကစားသူများ

ရောလ်ဖက်စ်(ရင်းနက်ဇ် ၇၆')၊ ဆွန်ဟောင်မင်(ဘာရုန်း ၇၆')၊ ဆစ်ဒနီဆမ်(ဒူယလိုက်ခ် ၆၂')

**PSG (၄-၄-၂)**

ဆီရီဂူ
ဗန်ဒါဗီလ် အဲလက်စ် သီယာဂိုဆေးလ်ဗား မက်စ်ဝဲလ်
လူကပ်စ်မော်ရာ ဗာရက်တီ မော့တာ မာတွီဒီ
အီဘရာဟီမိုဗစ် လာဗက်ဇီ

လူစားလဲကစားသူများ

မာတွီဒီ(ကာဘာယီ ၆၇')၊ လာဗက်ဇီ(ပတ်စ်တိုရီ ၇၆')




# မစ်ချယ်ပလာတီနီရဲ့ ခုတ်ရာတခြား ရှရာတလွဲစီမံကိန်း



ဟိန်းမောင်မောင်

တချို့အသင်းတွေအဖို့ FFP စည်းမျဉ်းက မျှတမှုရှိချင်ရှိမယ်။ ဒါပေမဲ့ ကလပ်အသင်းအများစုအတွက်က သံသယရှိစရာကောင်းတဲ့ စည်းမျဉ်းဖြစ်ပါလိမ့်မယ်။ ဒီစကားကို ပြောခဲ့တာက ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုပါ။ မန်စီးတီးအသင်းနဲ့ FA ဖလား ပဥ္စမအဆင့်ပွဲစဉ်မကစားမီ မော်ရင်ဟိုရဲ့မှတ်ချက်စကား ထွက်လာတာဖြစ်ပြီး အသင်းအမည်မပါပေမယ့် မန်စီးတီးအသင်းကို တိုက်ရိုက်ညွှန်းဆိုတာကလွဲလို့ တခြားမရှိပါဘူး။ အတိုကောက် FFPစည်းမျဉ်းတဖြစ်လဲ မစ်ချယ်ပလာတီနီ UEFA ဥက္ကဋ္ဌဖြစ်ပြီး (၂)နှစ်အကြာမှာပုံဖော်ခဲ့တဲ့ ဥရောပကလပ်အသင်းတွေအတွက် Financial Fair Play စည်းမျဉ်းက ၂၀၀၉ ခုနှစ်နှောင်းပိုင်းမှာ ဥရောပဘောလုံးနဲ့စတင်ထိတွေ့လာခဲ့တာဖြစ်ပါတယ်။ ဥရောပတလွှားကကလပ်အသင်းတွေ ဝင်ငွေ၊ ထွက်ငွေမမျှတဲ့ ဘဏ္ဍာရေးရှင်းတမ်း အရှုံးပြနေမှုနဲ့ ဘီလျံနာသူဌေးတွေထင်တိုင်းကြဲပြီး ငွေသုံးကြမ်းမှုတွေကို ကာကွယ်ဖို့ ပလာတီနီ ပြင်ဆင်ခဲ့တာပါ။ အ စောပိုင်းမှာ အကြံသဘောတူညီမှုယူထားတဲ့အဆင့်မှာသာရှိခဲ့ပြီး ၂၀၁၂ မတ်လမှာ ဥရောပသမဂ္ဂ(EU)ရဲ့ခွင့်ပြုမှုရခဲ့လို့ ဒီဥပဒေက အသက်ဝင်လာခဲ့ပါတယ်။ UEFA က FFP စည်းမျဉ်းရဲ့ပထမဆုံးကာလကို ၂၀၁၁-၁၂၊ ၂၀၁၂-၁၃၊ ၂၀၁၃-၁၄ (၃)ရာသီသတ်မှတ်ထားပါတယ်။ ဒီ(၃)ရာသီပေါင်းမှာ ကလပ်အသင်းတစ်သင်းအနေနဲ့ ဘဏ္ဍာရေးရှင်းတမ်းမှာ ယူရို(၄၅)သန်းထက်ကျော်လွန်ပြီး အရှုံးပြလို့မရပါဘူး။ ဒုတိယကာလကတော့ ၂၀၁၄-၁၅၊ ၂၀၁၅-၁၆၊ ၂၀၁၆- ၁၇ ရာသီတွေဖြစ်ပြီး အရှုံးပမာဏလို့ ယူရိုသန်း(၃၀)ထက်ကျော်လွန်ခွင့်မရှိလို့ သတ်မှတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ အသင်းတွေရဲ့ လေ့ကျင့်ရေးစင်တာတွေ၊ လူငယ်အကယ်ဒမီတွေအတွက် ထွက်ငွေတွေအပြင် ၂၀၁၀ မတိုင်မီ လက်မှတ်ရေးထိုးထားတဲ့ ကစားသမားတွေရဲ့ စာချုပ်ပါကုန်ကျစရိတ်တွေကို ထည့်သွင်းတွက်ချက်ခြင်း မရှိပါဘူး။ ကလပ်အသင်းတွေအနေနဲ့ ဒီဘဏ္ဍာရေးထိန်းချုပ်ကန့်သတ်မှုတွေနဲ့ မကိုက်ညီခဲ့ရင်ရမှတ်လျှော့ပြစ်ဒဏ်၊ ဥရောပပြိုင်ပွဲများမှ ရရှိမယ့် ဆုကြေးများရပ်ဆိုင်းထားမှု၊ အပြောင်းအရွှေ့ပိတ်ပင်မှုတွေအပြင် နောက်ဆုံးဥရောပပြိုင်ပွဲတွေကပါ ထုတ်ပယ်မှုနဲ့ ပြစ်ဒဏ်ထပ်မံတိုးမှုတွေကို UEFA က ဖွဲ့စည်းထားတဲ့ ကလပ်ဘဏ္ဍာရေးထိန်းချုပ်မှုအဖွဲ့(CFCB)က ချမှတ်ပိုင်ခွင့်ရှိနေတာဖြစ်ပါတယ်။

## အောင်မြင်နိုင်မလား

FFP စည်းမျဉ်းကို စတင်အကောင်အထည်ဖော်ခဲ့တုန်းက UEFA ဥက္ကဋ္ဌ ပလာတီနီက "ကလပ်အသင်းတွေရဲ့(၅၀%)ဟာ အကြွေးတွေနဲ့လည်ပတ်နေရပါတယ်။ ဒီအခြေအနေကို ကျွန်တော်တို့ တားဆီးဖို့လိုပါတယ်။ ဘယ်ကလပ်အသင်းကိုမှ ထိခိုက်မနာကျင်လိုပါဘူး"လို့ ဆိုထားခဲ့တာပါ။ အများအမြင်မှာ ကလပ်အသင်းတွေ ဝင်ငွေ၊ ထွက်ငွေမမျှမတသုံးစွဲနေတာကို ပလာတီနီ ထိန်းချုပ်ဖို့ကြိုးပမ်းခဲ့တာလို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ပလာတီနီရဲ့တိုက်ကွက်က ဒီထက်ပိုပြီး ဘီလျံနာသူဌေးတွေ လက်ထဲရောက်သွားလို့ အရှင်မွေးနေ့ချင်းကြီးလာတဲ့ ကလပ်အသင်းတွေကို အဓိကပစ်မှတ်ထားခဲ့တာပါ။ ပလာတီနီရဲ့ FFP စည်းမျဉ်း အောင်မြင်နိုင်မလားဆိုတာတော့ ပြောဖို့အချိန်လိုနေသေးတယ်။ FFP စည်းမျဉ်းအသံထွက်လာပြီးကတည်းက ဥရောပတလွှားမှာ ကလပ်အသင်းတွေ အရှုံးပြမှုကအနည်းငယ်တော့ လျော့နည်းသွားတယ်။ ဒါပေမဲ့ ဥရောပထိပ်သီးကလပ်အသင်းတွေတောင် မယှဉ်နိုင်တော့တဲ့ PSG၊ မိုနာကို တို့လို ငွေသုံးကြမ်းတဲ့အသင်းမျိုးတွေ ထပ်ထွက်လာခဲ့တယ်။ ပရီးမီးယားလိဂ်က ၂၀၁၃-၁၄ ရာသီ အပြောင်းအရွှေ့ကာလ(၂)ခုမှာ ၂၀၀၈-၀၉ ရာသီကတင်ရှိထားတဲ့ စုစုပေါင်းအသုံးစရိတ်စံချိန်ကို ကျော်ဖြတ်ခဲ့တယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ၂၀၁၂-၁၃ ရာသီက ဥရောပတလွှားက ပထမတန်းလိဂ်ပြိုင်ပွဲတွေမှာ ကစားနေတဲ့ကလပ်အသင်းတွေရဲ့ အရှုံးပြမှုပမာဏကတော့ လျော့နည်းသွားခဲ့ပါတယ်။ ၂၀၁၁-၁၂ရာသီက ယူရို(၁.၇)ဘီလီယံ ဘဏ္ဍာရေးအရှုံးပြခဲ့ပေမယ့် ပြီးခဲ့တဲ့ရာသီမှာတော့ ယူရို(၁.၀၆)ဘီလီယံအထိ လျှော့ချနိုင်ခဲ့တာဖြစ်ပါတယ်။ ကစားသမားတွေကို လစာငွေပေးချေရမှုက(၆.၅%)မြင့်တက်ခဲ့ပေမယ့်ကလပ်အသင်းတွေရဲ့ဝင်ငွေကလည်း (၆.၉%)အထိ တိုးလာခဲ့လို့ ကာမိခဲ့ပါတယ်။ ထိပ်သီးအသင်းတွေကတော့ အခုနှစ်ရာသီကုန်မှာ ပထမကာလ သက်ရောက်မှုရှိမယ့်FFP စည်းမျဉ်းအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားပြီးဖြစ်ပါတယ်။ FFP စည်းမျဉ်းကြောင့် ထိပ်သီးအသင်းတွေထက် ဝင်ငွေရပေါက်ရလမ်းနည်းပါးလွန်းတဲ့ အလယ်အလတ်အသင်းတွေနဲ့အသင်းငယ်တွေကတော့ပိုပြီး အထိနာခဲ့ပါတယ်။



## လှည့်ကွက်များနဲ့

FFP စည်းမျဉ်းကကလပ်အသင်းတွေရဲ့ ဝင်ငွေ၊ ထွက်ငွေ မမျှတမှုကိုအဓိကထိန်းချုပ်တာဖြစ်ပေမယ့် ကစားသမားလစာငွေနဲ့ပြောင်းရွှေ့ကြေးမပေးချေမှု၊ အခွန်မဆောင်မှုတွေကိုလည်း ချက်ချင်းအရေးယူမှုထဲမှာပါပါတယ်။ ပြီးခဲ့တဲ့နှစ်ရာသီပြစ်ဒဏ်ချမှတ်ခံရတဲ့အထဲမှာ အသင်းငယ်တွေပဲများခဲ့ပြီး ထင်ရှားတဲ့ အသင်းထဲက ဆိုလို့ မာလာဂါ၊ ဖီနာဘာချီ၊ ဘက်ဆစ်တက်တို့လောက်ပဲ ဥရောပဝင်ခွင့်ပိတ်ပင်ခံရတာရှိခဲ့ပါတယ်။ ထိပ်သီးအသင်းတွေကတော့ အသက်ဆက်ခွင့်ရမယ့်လမ်းတွေရှိပြီး ယူအေအီးဒုဝန်ကြီးချုပ် ရှိတ်မန်ဆော်ပိုင်ဆိုင်တဲ့ မန်စီးတီးက ၂၀၁၂ မတ်လမှာ ယူအေအီးပိုင် Etihad လေကြောင်းလိုင်းနဲ့ (၁၀)နှစ်သက်တမ်းရှိ ယူရို(၄၇၅)သန်းတန်စပွန်ဆာစာချုပ်၊ ကာတာစော်ဘွားတွေပိုင်ဆိုင်တဲ့ PSG က ကာတာခရီးသွားအာဏာပိုင်အဖွဲ့(QIA)နဲ့ ၂၀၁၆အထိ ယူရိုသန်း(၂၀၀)တန်စပွန်ဆာစာချုပ်တွေနဲ့ ကျော်ထောက်နောက်ခံပြုထားပါတယ်။ မတန်တဆငွေကြေးပမာဏတွေနဲ့ FFP စည်းမျဉ်းကို လက်တစ်လုံးခြားလုပ်ခဲ့တဲ့ မန်စီးတီး၊ PSG တို့ရဲ့လုပ်ရပ်ကို UEFA က သတိပေးရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။ FFP က ပလာတီနီရဲ့ ရည်မှန်းချက် ရာနှုန်းပြည့်ထင်တိုင်းပေါက်ဖို့မလွယ်ဘဲ ရုပ်သံလွှင့်ခအပါအဝင် တခြားဝင်ငွေတွေ စံချိန်တင်မြင့်တက်လာတဲ့ ထိပ်သီးအသင်းတွေကို ဒီအတိုင်းပဲ ဆက်လွှတ်ပေးထားရဖို့ရှိပါတယ်။ ၂၀၁၃-၁၄ ရာသီအပြီးမှာ ပထမကာလ အရေးယူဖို့ရှိနေတဲ့ FFPစည်းမျဉ်းကရော ထိပ်သီးကလပ်အသင်းတွေကို ဆိုးကျိုးတွေဖြစ်လာဖို့လမ်းမမြင်မိဘူး။



Photos: AFP

Premier ELEVEN

အယ်ဒီတာချုပ်
မြတ်ထွဋ်ဝင်း
အကြီးတန်းအယ်ဒီတာ
ဟိန်းမောင်မောင် ၊ ဝေယံလင်း
အယ်ဒီတာအဖွဲ့ဝင်များ
ကျော်ထက်ထွန်း ၊ ဆက်ပိုင်စိုး
သတင်းထောက်
စိုးညီညီရှိန်
ပုံနှိပ်သူအမည်
ဒေါက်တာသိန်းမြင့်
မှတ်ပုံတင်အမှတ်
ယာယီ - ၁၁၅၆၆
ပုံနှိပ်တိုက်အမည်
Eleven Press
ပုံနှိပ်စက်တည်နေရာ
အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(၁)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ထုတ်ဝေသူ
Eleven Media Group
မှတ်ပုံတင်အမှတ်
ယာယီ - ၀၄၇၀၈
စာပေတိုက်အမည်
Eleven Media Group
စာပေတိုက်တည်နေရာ
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(၁)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၄၀၀၅၂၉၊ ၄၀၀၅၂၈

➤➤➤➤

## ချီယေဗို နှင့် ကာတာနီယာ

| ချီယေဗို | နောက်ဆုံး(၅)ပွဲ | | ကာတာနီယာ | | |
|---|---|---|---|---|---|
| ပါးမား | L(H) | (1-2) | ဗီအိုရင်တီးနား | L(H) | (0-3) |
| နာပိုလီ | D(A) | (1-1) | အင်တာမီလန် | D(A) | (0-0) |
| လာဇီယို | L(H) | (0-2) | လီဗော်နို | D(H) | (3-3) |
| အူဒီးနီးစ် | L(A) | (0-3) | ပါးမား | D(A) | (0-0) |
| ဂျူဗင်တပ်စ် | L(A) | (1-3) | လာဇီယို | W(H) | (3-1) |

နှစ်သင်းစလုံး တန်းဆင်းအန္တရာယ်ရှိနေတဲ့ အသင်းတွေဖြစ်ပေမယ့်နောက်ပိုင်းပွဲတွေမှာတော့ကာတာနီယာအသင်းက ချီယေဗိုအသင်းထက်ရန်းအားပိုကောင်းလာတယ်။ နောက်ဆုံး(၃)ပွဲစီမှာလည်း ချီယေဗိုက ပွဲတိုင်းရှုံးပြီး ကာတာနီယာအသင်းက ရှုံးပွဲမရှိဘူး။ ဂိုးနည်းပြီး ကာတာနီယာ သရေနဲ့အနိုင်ပါပဲ။

## ဆမ်ဒိုးရီးယား နှင့် အေစီမီလန်

| ဆမ်ဒိုးရီးယား | နောက်ဆုံး(၅)ပွဲ | | အေစီမီလန် | | |
|---|---|---|---|---|---|
| ဂျူဗင်တပ်စ် | L(A) | (2-4) | ဗီရိုနာ | W(H) | (1-0) |
| ဘိုလော့ဂ်နာ | D(H) | (1-1) | ကာဂလီယာရီ | W(A) | (2-1) |
| ဂျီနိုအာ | W(A) | (1-0) | တိုရီနို | D(H) | (1-1) |
| ကာဂလီယာရီ | W(H) | (1-0) | နာပိုလီ | L(A) | (1-3) |
| ရိုးမား | L(A) | (0-3) | ဘိုလော့ဂ်နာ | W(H) | (1-0) |

အိမ်ကွင်းကစားအားရှိတဲ့ ဆမ်ဒိုးရီးယားက အဝေးကွင်းရလဒ်ဆိုးနေတဲ့အေစီမီလန်အသင်းအတွက် စိန်ခေါ်မှုဖြစ်လာမှာပါ။ ဘိုလော့ဂ်နာကိုလည်းအသည်းအသန်ကစားခဲ့ရတာရယ်၊ ချန်ပီယံလိဂ်ပွဲပန်းနေတာရယ်က ဆမ်ဒိုးရီးယားအသင်းအတွက် အားသာချက်တစ်ခုဖြစ်လာနိုင်ပြီး အေစီမီလန်အသင်း အမြင့်ဆုံးသရေပါ။

## အူဒီးနီးစ် နှင့် အတ္တလန်တာ

| အူဒီးနီးစ် | နောက်ဆုံး(၅)ပွဲ | | အတ္တလန်တာ | | |
|---|---|---|---|---|---|
| လာဇီယို | L(H) | (2-3) | ကာဂလီယာရီ | W(H) | (1-0) |
| ပါးမား | L(A) | (0-1) | တိုရီနို | L(A) | (0-1) |
| ဘိုလော့ဂ်နာ | W(A) | (2-0) | နာပိုလီ | W(H) | (3-0) |
| ချီယေဗို | W(H) | (3-0) | ဗီအိုရင်တီးနား | L(A) | (0-2) |
| ဂျီနိုအာ | D(A) | (3-3) | ပါးမား | L(H) | (0-4) |

ဒီနှစ်သင်းက ခြေစွမ်းချင်းလည်းသိပ်မကွာသလို၊ အမှတ်ပေးဇယားမှာလည်း အထက်၊ အောက်ရပ်တည်နေတဲ့ အသင်းတွေဖြစ်ပါတယ်။ ဒီပွဲမှာအဓိကထားကြည့်ရမှာက အိမ်ကွင်း၊ အဝေးကွင်းကစားအားပါပဲ။ အတ္တလန်တာအသင်းက အဝေးကွင်းရလဒ်အဆိုးဆုံးအသင်းဖြစ်ပြီး အိမ်ကွင်းကောင်းတဲ့အူဒီးနီးစ်အနိုင်ရမယ့်ပွဲဖြစ်ပါတယ်။

## လာဇီယို နှင့် ဆာဆူအိုလို

| လာဇီယို | နောက်ဆုံး(၅)ပွဲ | | ဆာဆူအိုလို | | |
|---|---|---|---|---|---|
| အူဒီးနီးစ် | W(A) | (3-2) | တိုရီနို | L(H) | (0-2) |
| ဂျူဗင်တပ်စ် | D(H) | (1-1) | လီဗော်နို | L(A) | (1-3) |
| ချီယေဗို | W(A) | (2-0) | ဗီရိုနာ | L(H) | (1-2) |
| ရိုးမား | D(H) | (0-0) | အင်တာမီလန် | L(A) | (1-0) |
| ကာတာနီယာ | L(A) | (1-3) | နာပိုလီ | L(H) | (0-2) |

ဘယ်လိုအနေအထားကပဲကြည့်ကြည့် လာဇီယိုကို ဆာဆူအိုလိုယှဉ်နိုင်မှာမဟုတ်ပါဘူး။ တန်းဆင်းဇုန်ရုန်းအားလည်းမရှိဘူး။ အိမ်ကွင်း၊ အဝေးကွင်းအားသာချက် ဘာတစ်ခုမှမရှိတဲ့ ဆာဆူအိုလိုအသင်းက လာဇီယိုအသင်းအတွက် အခက်အခဲမရှိနိုင်ပါဘူး။ တစ်ခုရှိတာက ယူရိုပါလိဂ်ကစားထားရလို့ ဂိုးတော့နည်းသွားလိမ့်မယ်ထင်တယ်။

## လီဗော်နို နှင့် ဗီရိုနာ

| လီဗော်နို | နောက်ဆုံး(၅)ပွဲ | | ဗီရိုနာ | | |
|---|---|---|---|---|---|
| ရိုးမား | L(A) | (0-3) | အေစီမီလန် | L(A) | (0-1) |
| ဆာဆူအိုလို | W(H) | (3-1) | ရိုးမား | L(H) | (1-3) |
| ကာတာနီယာ | D(A) | (3-3) | ဆာဆူအိုလို | W(A) | (2-1) |
| ဂျီနိုအာ | L(H) | (0-1) | ဂျူဗင်တပ်စ် | D(H) | (2-2) |
| ကာဂလီယာရီ | W(A) | (2-1) | တိုရီနို | L(H) | (1-3) |

လီဗော်နို တန်းဆင်းအန္တရာယ်ရှိနေလို့ နောက်ပိုင်းပွဲတွေမှာ ရုန်းကစားလာတာတွေ့ရတယ်။ ဗီရိုနာအသင်းကတော့ အမှတ်မလိုသေးဘူး။ ဒါပေမဲ့နှစ်သင်းခြေစွမ်းအရဆိုရင်တော့ ဗီရိုနာကအနည်းငယ်သာနေပြီး အီတာလီ၊ တိုနီတို့ကို ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ လီဗော်နိုအမှတ်ရမယ့်ပွဲဖြစ်ပါတယ်။ ဂိုးနည်းမယ်။

FRANCE LIGUE 26

ချန်ပီယံဆုအတွက် PSG အသင်းက ထိပ်ဆုံးကအများမရှိဖြတ်သန်းနေချိန်မှာ ပြင်သစ်လိဂ်မှာ စိတ်ဝင်စားစရာဖြစ်လာတာက ဥရောပပြိုင်ပွဲဝင်ခွင့်နဲ့ တန်းဆင်းဇုန်တိုက်ပွဲတွေပါပဲ။ ဒီတစ်ပတ်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ကိုယ်စီရှိနေတဲ့ လိုင်လီနဲ့ လိုင်ယွန်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှု၊ တန်းဆင်းဇုန်ထဲက ဗလင်စီနက်စ်နဲ့ ဆိုးချော့စ်တို့ရဲ့ပွဲတွေက စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေပြီး ကျန်ပွဲအများစုမှာလည်း အမှတ်လိုနေတဲ့အသင်းတွေကို ရွေးချယ်ရမှာပါ…

# အမှတ်လိုနေတဲ့အသင်းတွေရွေးရမယ်

### ပထမအကျော့ရလဒ်များ

PSG ၂-၀ တူးလော့စ်
ရိမ်းစ် ၁-၁ မိုနာကို
လော်ရီယန့် ၀-၂ မာဆေးလ်
စိန့်အက်တီယန် ၂-၂ ဘတ်စတီယာ
အီဗီယန် ၁-၁ ဘော်ဒိုး
လိုင်ယွန် ၀-၀ လိုင်လီ
နိုက်စ် ၁-၀ ဂူအင်ဂမ့်
ရိန်းစ် ၁-၃ နန့်စ်
ဆိုးချော့စ် ၂-၀ ဗလင်စီနက်စ်
အေယက်စီယို ၁-၁ မောင့်ပယ်လီယာ

### ဂိုးအများဆုံးသွင်းထားသူများ

အီဘရာဟီမိုဗစ်(PSG) ၁၉ ဂိုး
ကာဗာနီ(PSG) ၁၃ ဂိုး
လာကာဇက်တေ(လိုင်ယွန်) ၁၃ ဂိုး
အဘူဘာကာ(လော်ရီယန့်) ၁၂ ဂိုး
ဂစ်နက်(မာဆေးလ်) ၁၁ ဂိုး




ပထမအကျော့ ရိမ်းစ်နှင့် မိုနာကိုတို့တွေ့ဆုံခဲ့စဉ်

## မာဆေးလ် နှင့် လော်ရီယန့်

| မာဆေးလ် | နောက်ဆုံး(၅)ပွဲ | | လော်ရီယန့် | | |
|---|---|---|---|---|---|
| မိုနာကို | L(A) | (0-2) | နန့်စ် | L(A) | (1-0) |
| ဗလင်စီနက်စ် | W(H) | (2-1) | ဂူအင်ဂမ့် | W(H) | (2-0) |
| တူးလော့စ် | D(H) | (2-2) | ဗလင်စီနက်စ် | D(A) | (1-1) |
| ဘတ်စတီယာ | W(H) | (3-0) | မိုနာကို | D(H) | (2-2) |
| စိန့်အက်တီယန် | D(A) | (1-1) | တူးလော့စ် | L(H) | (1-3) |

ဂစ်နက်ဂိုးပေါက်တွေ့နေတဲ့ မာဆေးလ်အသင်း အိမ်ကွင်းနောက်ဆုံး(၈)ပွဲမှာ အနည်းဆုံး(၂)ဂိုးသွင်းနိုင်ခဲ့တာ (၇)ပွဲအထိရှိပါတယ်။ ဒီစွမ်းဆောင်ရည်က (၃)ပွဲဆက်နိုင်ပွဲပျောက်နေတဲ့လော်ရီယန့်ကို နိုင်ဖို့မခက်ပါဘူး။

## လိုင်လီ နှင့် လိုင်ယွန်

| လိုင်လီ | နောက်ဆုံး(၅)ပွဲ | | လိုင်ယွန် | | |
|---|---|---|---|---|---|
| စိန့်အက်တီယန် | L(A) | (0-2) | ရိမ်းစ် | W(A) | (2-0) |
| ရိန်းစ် | D(H) | (1-1) | အီဗီယန် | W(H) | (3-0) |
| နိုက်စ် | L(A) | (0-1) | ရိန်းစ် | L(A) | (0-2) |
| ဆိုးချော့စ် | W(H) | (2-0) | နန့်စ် | W(A) | (2-1) |
| အီဗီယန် | D(A) | (2-2) | အေယက်စီယို | W(H) | (3-1) |

ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ မျှော်လင့်ချက်အတွက် (၂)သင်းစလုံး အမှတ်လိုနေပါတယ်။ လက်ရှိခြေစွမ်းအရတော့ လိုင်ယွန်က အသာရနေပြီး တိုက်စစ်ကလည်း တစ်ပွဲကို (၂)ဂိုးနှုန်းလောက်သွင်းထားနိုင်ပါတယ်။ လိုင်ယွန်မရှုံးပါဘူး။

## မောင့်ပယ်လီယာ နှင့် အေယက်စီယို

| | | | | | |
|---|---|---|---|---|---|
| မောင့်ပယ်လီယာ | W(A) | W(H) | W(A) | D(H) | D(A) |
| အေယက်စီယို | L(A) | D(H) | D(A) | W(H) | L(A) |

အမှတ်ပေးဇယားအောက်ဆုံးကနေ အေယက်စီယို လွတ်မြောက်ဖို့ ခက်နေပါပြီ။ ဒါ့အပြင် အဝေးကွင်း(၂၄)ပွဲဆက် နိုင်ပွဲမရသေးတဲ့ အေယက်စီယို နောက်ဆုံး(၇)ပွဲဆက် မရှုံးသေးတဲ့ မောင့်ပယ်လီယာကွင်းမှာ အရှုံးပေးရဦးမှာပါ။

## ဂူအင်ဂမ့် နှင့် နိုက်စ်

| | | | | | |
|---|---|---|---|---|---|
| ဂူအင်ဂမ့် | L(A) | D(H) | L(A) | L(H) | L(A) |
| နိုက်စ် | W(H) | L(A) | W(H) | L(A) | D(H) |

(၁၀)ပွဲဆက်နိုင်ပွဲပျောက်ခဲ့တဲ့ ဂူအင်ဂမ့် တန်းဆင်းဇုန်နဲ့ ကပ်နေပါပြီ။ ဒီလိုအချိန်မှာ အဝေးကွင်း(၉)ပွဲမှာ တစ်ပွဲပဲ အမှတ်ရထားတဲ့ နိုက်စ်လိုအသင်းနဲ့အတွေ့မှာ အမှတ်ပြန်ရာရမှာပါ။ ဂူအင်ဂမ့် နိုင်ပွဲပြန်ရဖို့များပါတယ်။

## တူးလော့စ် နှင့် PSG

| တူးလော့စ် | နောက်ဆုံး(၅)ပွဲ | | PSG | | |
|---|---|---|---|---|---|
| မိုနာကို | L(H) | (0-2) | နန့်စ် | W(H) | (5-0) |
| မာဆေးလ် | D(A) | (2-2) | ဂူအင်ဂမ့် | D(A) | (1-1) |
| စိန့်အက်တီယန် | D(H) | (0-0) | ဘော်ဒိုး | W(H) | (2-0) |
| ဘတ်စတီယာ | L(H) | (1-3) | မိုနာကို | D(A) | (1-1) |
| လော်ရီယန့် | W(A) | (3-1) | ဗလင်စီနက်စ် | W(H) | (3-0) |

ချန်ပီယံလိဂ်ကစားထားရတာကလွဲပြီး တူးလော့စ်က PSG အတွက် အခက်အခဲမရှိတဲ့အသင်းပါ။ ဒါ့အပြင် အိမ်ကွင်း(၅)ပွဲဆက် နိုင်ပွဲပျောက်နေတဲ့ တူးလော့စ်ရဲ့အနေအထားကြောင့်လည်း PSG အနိုင်ရဖို့များပါတယ်။

## ဘော်ဒိုး နှင့် အီဗီယန်

| | | | | | |
|---|---|---|---|---|---|
| ဘော်ဒိုး | L(A) | W(H) | L(A) | -(P) | L(A) |
| အီဗီယန် | D(A) | L(A) | D(H) | D(A) | D(H) |

တန်းဆင်းဇုန်ထဲက လွတ်မြောက်ဖို့အတွက် အီဗီယန် ရုန်းကန်နေပြီး နောက်ဆုံး(၃)ပွဲဆက် သရေကစားထားပါတယ်။ ဒါပေမဲ့ အိမ်ကွင်းမှာ ခြေစွမ်းတည်ငြိမ်ပြီး အမှတ်ရာတတ်တဲ့ ဘော်ဒိုးဆီကတော့ အမှတ်ရဖို့မရှိပါဘူး။

### ပြင်သစ်လီဂူးအမှတ်ပေးဇယား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|
| PSG | ၂၅ | ၁၇ | ၇ | ၁ | ၅၈ | ၁၆ | ၄၂ | ၅၈ |
| မိုနာကို | ၂၅ | ၁၅ | ၈ | ၂ | ၄၁ | ၁၇ | ၂၄ | ၅၃ |
| လိုင်လီ | ၂၅ | ၁၃ | ၆ | ၆ | ၂၈ | ၁၆ | ၁၂ | ၄၅ |
| စိန့်အက်တီယန် | ၂၅ | ၁၂ | ၆ | ၇ | ၃၄ | ၂၃ | ၁၁ | ၄၂ |
| မာဆေးလ် | ၂၅ | ၁၁ | ၇ | ၇ | ၃၇ | ၂၇ | ၁၀ | ၄၀ |
| လိုင်ယွန် | ၂၅ | ၁၁ | ၇ | ၇ | ၄၀ | ၃၁ | ၉ | ၄၀ |
| ရိမ်းစ် | ၂၅ | ၁၀ | ၉ | ၆ | ၃၀ | ၂၉ | ၁ | ၃၉ |
| ဘော်ဒိုး | ၂၄ | ၉ | ၇ | ၈ | ၂၉ | ၂၆ | ၃ | ၃၄ |
| ဘတ်စတီယာ | ၂၅ | ၉ | ၇ | ၉ | ၃၀ | ၃၅ | -၅ | ၃၄ |
| တူးလော့စ် | ၂၅ | ၈ | ၉ | ၈ | ၂၇ | ၃၂ | -၅ | ၃၃ |
| လော်ရီယန့် | ၂၄ | ၉ | ၅ | ၁၀ | ၃၂ | ၃၃ | -၁ | ၃၂ |
| နန့်စ် | ၂၅ | ၉ | ၅ | ၁၁ | ၂၃ | ၂၅ | -၂ | ၃၂ |
| နိုက်စ် | ၂၅ | ၉ | ၄ | ၁၂ | ၂၃ | ၃၀ | -၇ | ၃၁ |
| မောင့်ပယ်လီယာ | ၂၅ | ၅ | ၁၄ | ၆ | ၃၁ | ၃၁ | ၀ | ၂၉ |
| ရိန်းစ် | ၂၅ | ၆ | ၁၀ | ၉ | ၂၈ | ၃၀ | -၂ | ၂၈ |
| ဂူအင်ဂမ့် | ၂၅ | ၆ | ၈ | ၁၁ | ၂၃ | ၂၈ | -၅ | ၂၆ |
| အီဗီယန် | ၂၅ | ၅ | ၉ | ၁၁ | ၂၄ | ၄၁ | -၁၇ | ၂၄ |
| ဗလင်စီနက်စ် | ၂၅ | ၅ | ၆ | ၁၄ | ၂၄ | ၄၀ | -၁၆ | ၂၁ |
| ဆိုးချော့စ် | ၂၅ | ၄ | ၆ | ၁၅ | ၁၈ | ၄၆ | -၂၈ | ၁၈ |
| အေယက်စီယို | ၂၅ | ၂ | ၈ | ၁၅ | ၂၀ | ၄၄ | -၂၄ | ၁၄ |

## မိုနာကို နှင့် ရိမ်းစ်

| မိုနာကို | နောက်ဆုံး(၅)ပွဲ | | ရိမ်းစ် | | |
|---|---|---|---|---|---|
| တူးလော့စ် | W(A) | (2-0) | လိုင်ယွန် | L(H) | (0-2) |
| မာဆေးလ် | W(H) | (2-0) | နန့်စ် | D(A) | (0-0) |
| လော်ရီယန့် | D(A) | (1-1) | မောင့်ပယ်လီယာ | L(H) | (2-4) |
| PSG | D(H) | (1-1) | ဂူအင်ဂမ့် | W(A) | (2-1) |
| ဘတ်စတီယာ | W(A) | (2-0) | ဘော်ဒိုး | W(H) | (1-0) |

အဝေးကွင်းနောက်ဆုံး(၁၂)ပွဲမှာ (၁၁)ပွဲအထိ ရှုံးထားတဲ့ ရိမ်းစ်က မိုနာကိုအတွက် အခက်အခဲမရှိတဲ့ပြိုင်ဘက်ပါ။ ဒါပေမဲ့ ရိမ်းစ်နဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၃)ပွဲမှာ ဂိုးနည်းထားတဲ့ အစဉ်အလာကြောင့် မိုနာကို(၂-၀)ဂိုးလောက်နဲ့ပဲနိုင်မှာပါ။

## ဘတ်စတီယာ နှင့် စိန့်အက်တီယန်

| ဘတ်စတီယာ | နောက်ဆုံး(၅)ပွဲ | | စိန့်အက်တီယန် | | |
|---|---|---|---|---|---|
| ဘော်ဒိုး | W(H) | (1-0) | လိုင်လီ | W(H) | (2-0) |
| ဂူအင်ဂမ့် | W(H) | (3-2) | ဘော်ဒိုး | L(A) | (0-2) |
| မာဆေးလ် | L(A) | (0-3) | ဗလင်စီနက်စ် | W(H) | (3-0) |
| တူးလော့စ် | W(A) | (3-1) | တူးလော့စ် | D(A) | (0-0) |
| မိုနာကို | L(H) | (0-2) | မာဆေးလ် | D(H) | (1-1) |

အဝေးကွင်း(၃)ပွဲဆက် ဂိုးမသွင်းထားနိုင်တဲ့ စိန့်အက်တီယန်ရဲ့ ခြေစွမ်းကို သတိထားရပါမယ်။ ဘတ်စတီယာကလည်း အိမ်ကွင်းမှာ အမှတ်ပြန်ရာရမယ့်ဆိုပေမယ့် ဥရောပပြိုင်ပွဲဝင်ခွင့်အတွက် အမှတ်လိုတဲ့စိန့်အက်တီယန်ကိုရွေးရမယ်။

## နန့်စ် နှင့် ရိန်းစ်

| | | | | | |
|---|---|---|---|---|---|
| နန့်စ် | L(A) | D(H) | L(A) | L(H) | D(A) |
| ရိန်းစ် | D(H) | D(A) | W(H) | L(A) | D(H) |

နောက်ဆုံး(၅)ပွဲဆက်နိုင်ပွဲပျောက်၊ ကစားခဲ့တဲ့(၇)ပွဲမှာ (၅)ပွဲလောက်ဂိုးမသွင်းနိုင်ခဲ့တဲ့နန့်စ်ရဲ့ ခြေစွမ်းက စိတ်ပျက်စရာပါ။ ဒါပေမဲ့ ရိန်းစ်ကလည်း အဝေးကွင်းမှာ အဆိပ်မရှိတဲ့အသင်းဖြစ်လို့ ဒီပွဲက သရေကျဖို့များပါတယ်။

## ဗလင်စီနက်စ် နှင့် ဆိုးချော့စ်

| | | | | | |
|---|---|---|---|---|---|
| ဗလင်စီနက်စ် | D(H) | L(A) | L(A) | W(H) | L(A) |
| ဆိုးချော့စ် | L(H) | D(A) | W(H) | L(A) | W(H) |

တန်းဆင်းဇုန်ထဲက (၂)သင်းထိပ်တိုက်ရင်ဆိုင်ကြတာဖြစ်ပြီး (၂)သင်းစလုံးက အိမ်ကွင်းအားသာချက်တွေနဲ့ ကစားနေကြတာပါ။ ဒါကြောင့်မို့ ဒီပွဲမှာလည်း အိမ်ကွင်းမှာ ကစားရမယ့် ဗလင်စီနက်စ်နိုင်ပွဲရဖို့များပါတယ်။

# ဒူဘိုင်းတွင် လေ့ကျင့်ခန်းဆင်းခဲ့သည့် မန်ယူအသင်းအား အာဂျင်တီးနားဂန္ထဝင်မာရာဒိုနာ လာရောက်တွေ့ဆုံ


Photo : Twitter/vanpersie

ပြီးခဲ့သည့်ရက်ပိုင်းက ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် လေ့ကျင့်ခန်းလာဆင်းခဲ့သည့် မန်ယူအသင်းအား အာဂျင်တီးနား ဂန္ထဝင်ဘောလုံးသမား မာရာဒိုနာက လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။ လေ့ကျင့်ရေးကွင်းတွင် မာရာဒိုနာသည် ဗန်ပါစီ၊ မာတာ၊ ယာနူဇေ၊ ဖာဒီနန်၊ ဒီဂီယာအပါအဝင် နာမည်ကျော်မန်ယူကစားသမားများနှင့် ရယ်ရယ်မောမော စကားပြောကာ ဓာတ်ပုံအရိုက်ခံခဲ့ပြီး ယင်းဓာတ်ပုံများမှာ မန်ယူအသင်းသားများ၏ လူမှုကွန်ရက်စာမျက်နှာများပေါ်သို့ နာရီအနည်းငယ်အတွင်း ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။ မန်ယူကစားသမားများက မာရာဒိုနာနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်သည့်စာများကိုလည်း ၎င်းတို့၏ twitter စာမျက်နှာများတွင် အသီးသီးရေးသားခဲ့ကြသည်။ အသက်(၅၃)နှစ်အရွယ်ရှိ မာရာဒိုနာသည် ၁၉၈၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်အာဂျင်တီးနားနှင့် အင်္ဂလန်တို့ တွေ့ဆုံခဲ့ရာ၌ လက်ဖြင့်ပုတ်၍ ဂိုးသွင်းကာ "ဘုရားပေးသောလက်" ဟုဆိုခဲ့သဖြင့် အင်္ဂလန်ပရိသတ်များ၏အမျက်ဒေါသကို ခံခဲ့ရဖူးသူဖြစ်သည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီ FAဖလားပြိုင်ပွဲတွင်တတိယအဆင့်၌ပင် ဆွမ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကစားရန်ပွဲမရှိရာ ဒူဘိုင်းသို့လေ့ကျင့်ရေးခရီးစဉ်အဖြစ် တစ်သင်းလုံး ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

## တယ်ရီ၏ဒဏ်ရာအတွက် ဆေးအဖွဲ့ကို မော်ရင်ဟို ပြစ်တင်

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက အသင်းခေါင်းဆောင်နောက်ခံလူ တယ်ရီ၏ဒဏ်ရာ အကင်းမသေဘဲ နောင့်နှေးနေမှုအတွက် အသင်း၏ဆေးအဖွဲ့တာဝန်ရှိသူများကို ပြစ်တင်ဝေဖန်သည့်စကားများပြောကြားခဲ့သည်။ တယ်ရီသည် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်(၂)ပတ်ခန့် အနားယူရမည်ဆိုသော်လည်း ယနေ့တိုင် ကစားနိုင်ခြင်းမရှိသေးပေ။ မော်ရင်ဟိုက "ဆေးအဖွဲ့က တယ်ရီပြန်ကစားနိုင်တော့မယ်လို့ အမြဲပြောပေမယ့် ဒီနေ့အထိ ဖြစ်မလာသေးပါဘူး။ မန်စီးတီးနဲ့ပွဲမှာလည်း သူကစားနိုင်လိမ့်မယ်လို့ပြောပြီး မကစားနိုင်ခဲ့ပြန်ပါဘူး"ဟု ပြောကြားခဲ့သည်။

## ချယ်လ်ဆီးကစားသမား (၃)ဦးကို PSG ပစ်မှတ်ထား

ငွေကြေးများစွာသုံးစွဲနေသည့် PSG အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား စီရော်နယ်လ်ဒိုကိုခေါ်ယူရန် ကြိုးပမ်းမှုမအောင်မြင်ခဲ့ပြီးနောက် ချယ်လ်ဆီးကစားသမား (၃)ဦးကို ငွေကြေးများစွာအသုံးပြုကာ ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ ပြင်သစ်သတင်းတစ်ရပ်၏ဖော်ပြချက်အရ PSG အသင်းဥက္ကဋ္ဌ အယ်လ်ခါလီဖီသည် ချယ်လ်ဆီးကွင်းလယ်လူ ဟာဇက်နှင့် အော်စကာ၊ နောက်ခံလူဒေးဗစ်လူးဝစ်တို့(၃)ဦးကို ယူရိုသန်း(၁၀၀)ဝန်းကျင်အထိပေးကာ ကမ်းလှမ်းသွားရန်စီစဉ်နေကြောင်း သိရှိရသည်။

## SHORT

❒ စတုတ်စီးတီးအသင်းသည် အသင်း၏နောက်ခံလူ အန်ဒီဝီလ်ကင်ဆင်အား တစ်နှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။ အသက်(၂၉)နှစ်အရွယ် ဝီလ်ကင်ဆင်သည် ယခုရာသီတွင် ပရီးမီးယားလိဂ် (၂)ပွဲသာ ပွဲထွက်ရသေးသော်လည်း နောက်ခံလူ ရောဘတ်ဟုသ်ဒဏ်ရာ ပြဿနာရှိနေခြင်းကြောင့် ၎င်းအား အသင်းနည်းပြ မာ့ခ်ဟုချ်က သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

❒ အာဆင်နယ်အသင်းသည် နယူးကာဆယ်အသင်း၏ တိုက်စစ်မှူး ရီမီကို လာမည့် နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ ရီမီသည် QPR အသင်းမှ နယူးကာဆယ်အသင်းသို့ အငှားလာရောက်ကစားနေခြင်းဖြစ်ပြီး နယူးကာဆယ်နည်းပြ အလန်ပါဂျူးကလည်း ရာသီကုန်တွင် အပြီးသတ်ခေါ်ယူရန် ရည်ရွယ်ခံရထားသူဖြစ်သည်။

❒ အာဆင်နယ်၊ မန်ယူနှင့် လီဗာပူးလ်အသင်းတို့သည် စီးရီးအေကလပ် လာဇီယိုအသင်း၏ လူငယ်ကစားသမား ဘယ်လ်ဒီဒီယာအိုအား ခေါ်ယူရန် ပစ်မှတ်ထားနေကြကြောင်းသိရှိရသည်။ ဒီယာအိုသည် အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး လာမည့် နွေရာသီတွင်၎င်းအသင်းကြီးများက အပြိုင်ကမ်းလှမ်းမှုများပြုလုပ်ဖွယ်ရှိကြောင်း အီတလီသတင်းများက ဖော်ပြကြသည်။

❒ လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်အသင်းသည် စတုတ်စီးတီးအသင်း၏ ဂိုးသမား ဂျက်ဘတ်လန်းအား ခေါ်ယူရန်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။ ဘတ်လန်းသည် အင်္ဂလန်ကြယ်ပွင့်ဂိုးသမားတစ်ဦးအဖြစ် သတ်မှတ်ခံရသူဖြစ်သော်လည်း စတုတ်စီးတီးတွင် ဝါရင့်ဂိုးသမားဘီဂိုဗစ်၊ ဆိုရန်ဆင်တို့၏နောက်၌တတိယဂိုးသမားအဖြစ်သာ ရှိနေရသူဖြစ်သည်။

❒ လီဗာပူးလ်အသင်း၏နောက်ခံလူ စကာတယ်လ်က မိမိတို့လီဗာပူးလ်အသင်းသည် FA ဖလားပြိုင်ပွဲတွင် အာဆင်နယ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသော်လည်း အသင်း၏အနေအထားမှာ ယိမ်းယိုင်သွားမည်မဟုတ်ဟု ပြောကြားခဲ့သည်။ စကာတယ်လ်က FA ဖလားပြိုင်ပွဲမှထွက်ခဲ့ရခြင်းကြောင့် မိမိတို့အနေဖြင့် ပရီးမီးယားလိဂ်ဖလားကို ပိုမိုအာရုံစိုက်နိုင်တော့မည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံပြန်ဖြစ်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

# ဘာစီလိုနာအား ပေးခဲ့ရသည့်ပယ်နယ်တီအတွက် ဒိုင်လူကြီးကို မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီ ဒေါသပေါက်ကွဲ

## ဒိုင်လူကြီးသည်သမာသမတ်ကျသူတစ်ဦးမဟုတ်ဟု စွပ်စွဲ

ပြီးခဲ့သည့် အင်္ဂါနေ့ကကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ် မန်စီးတီး-ဘာစီလိုနာပွဲတွင် ကိုင်တွယ်ခဲ့သည့် ဒိုင်လူကြီးယိုနက်စ်အဲရစ်ဆင်အား သမာသမတ်ကျသူတစ်ဦးမဟုတ်ဟု မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီက ပွဲအပြီးတွင် စွပ်စွဲပြောကြားခဲ့ကြောင်း သိရှိရသည်။

ယင်းပွဲတွင် ဘာစီလိုနာအသင်းက မန်စီးတီးအား အဝေးကွင်း၌(၂-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပွဲချိန်(၅၄)မိနစ်တွင် ပေးခဲ့ရသည့် ပယ်နယ်တီအတွက် နည်းပြပယ်လီဂရီနီက ဒေါသထွက်နေခြင်းလည်း ဖြစ်သည်။ မန်စီးတီးဂိုးပေါက်သို့ ဘောလုံးနှင့်အတူ ဦးတည်ပြေးနေသော ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား မန်စီးတီးနောက်ခံလူ ဒီမစ်ချယ်လစ်က နောက်မှ လျှောထိုးဖျက်ထုတ်ခဲ့ရာတွင် ဆွီဒင်လူမျိုးဒိုင်လူကြီး အဲရစ်ဆင်က ပယ်နယ်တီအဖြစ် သတ်မှတ်ခဲ့ရုံသာမက ဒီမစ်ချယ်လစ်ကိုလည်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

မက်ဆီအား ဒီမစ်ချယ်လစ် လျှောထိုးဖျက်ထုတ်ခဲ့သည့်နေရာမှာ ပယ်နယ်တီဧရိယာအစပ်တွင်ဖြစ်ပြီး မက်ဆီမှာ ဘောလုံးနှင့်အတူ ပယ်နယ်တီစည်းအတွင်း လဲကျခဲ့ရာ ဒိုင်လူကြီးက ပယ်နယ်တီအဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပယ်လီဂရီနီက ယင်းဒိုင်လူကြီးသည် ယခင်ကတည်းက မှားယွင်းဆုံးဖြတ်မှုများရှိခဲ့ကြောင်းနှင့် သမာသမတ်ကျသူတစ်ဦး မဟုတ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။ "သူဟာ (၂၀၁၂ခုနှစ်က ကစားခဲ့သော) ဘာစီလိုနာနဲ့ အေစီမီလန်ပွဲတုန်းကလည်း ကိုင်တွယ်ခဲ့ပြီး ကြီးမားတဲ့အမှားတစ်ခု ပြုလုပ်ခဲ့သူပါ။ ဒီပွဲမှာလည်း ပွဲအစကတည်းက နှစ်သင်းစလုံးအတွက် သမာသမတ်ကျတဲ့ ဒိုင်လူကြီးတစ်ဦး မဟုတ်ခဲ့ပါဘူး။ ဥရောပဘောလုံးပွဲဆိုတာ ဆွီဒင်ပြည်တွင်းပွဲတွေထက် ပိုပြီးအရေးကြီးပါတယ်။ အရေးပါတဲ့အသင်း(၂)သင်း တွေ့ဆုံတဲ့ပွဲမျိုးမှာ ဒီထက်ပိုပြီး အတွေ့အကြုံရင့်တဲ့ ဒိုင်လူကြီးတစ်ဦးကို တာဝန်ပေးဖို့ လိုအပ်ပါတယ်။ သူဟာ ပွဲကိုထိန်းသိမ်းနိုင်စွမ်း မရှိခဲ့ပါဘူး။ ဆွီဒင်က ဒိုင်လူကြီးတစ်ဦးကို ဒီလိုအရေးပါတဲ့ပွဲမျိုးမှာ တာဝန်ပေးတာ ကောင်းတဲ့အရာတစ်ခုလို့တော့ ကျွန်တော်မမြင်ပါဘူး" ဟု ပယ်လီဂရီနီက ပွဲအပြီးတွင် ပြောကြားခဲ့သည်။

မက်ဆီအားဖျက်ထုတ်မှုမတိုင်မီ မန်စီးတီးကွင်းလယ်လူ နာဗတ်စ်အား ဘာစီလိုနာကွင်းလယ်လူဘက်စကွက်စ် ဖျက်ထုတ်ခဲ့ရာတွင် ပြစ်ဒဏ်ဘော ပေးသင့်သော်လည်း ဒိုင်လူကြီးက မပေးခဲ့ကြောင်း၊ ပွဲအပြီးတွင် ဒိုင်အားမိမိရင်ဆိုင်တွေ့ပြီး ပွဲတစ်ခုလုံးကို ဆုံးဖြတ်ခဲ့သူမှာ ၎င်းဖြစ်သည်ဟုပြောခဲ့ကြောင်းပယ်လီဂရီနီက မီဒီယာများကိုဆက်လက် ပြောကြားခဲ့သည်။

### မန်စီးတီး-ဘာစီလိုနာပွဲမှ ဒိုင်လူကြီး ယိုနက်စ်အဲရစ်ဆင်အကြောင်းတစေ့တစောင်း

- ➢ ၁၉၇၄ မတ်လ (၂၈)ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်ပြီး အသက်(၃၉)နှစ်ရှိပြီဖြစ်သည်။
- ➢ ယိုနက်စ်သည် ဒိုင်လူကြီးတစ်ဦးဖြစ်သော်လည်း မီလျံပေါင်းများစွာ ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်ပြီး ဝါသနာအရ ဒိုင်လူကြီးအဖြစ် ပြုလုပ်နေသူဖြစ်သည်။
- ➢ ၁၉၉၄ ခုနှစ်ကတည်းက ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဆွီဒင်လိဂ်တွင်(၂၄၈)ပွဲ၊ နိုင်ငံတကာပွဲ(၉၇)ပွဲ တာဝန်ယူခဲ့သူဖြစ်သည်။
- ➢ ထင်ရှားသည့်ပွဲများမှာ ပြီးခဲ့သည့်နှစ်က ချယ်လ်ဆီးနှင့် ဘေယန်မြူးနစ်တို့ကစားခဲ့သော ဥရောပစူပါဖလားပွဲနှင့် ၂၀၁၂ က ဘာစီလိုနာနှင့် အေစီမီလန်တို့ ကစားခဲ့သောချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များဖြစ်သည်။
- ➢ ဘာစီလိုနာ-အေစီမီလန်ပွဲတွင် ပေးသင့်သည့် ပယ်နယ်တီ(၂)လုံးကို မပေးခဲ့ဟု ဝေဖန်ခံခဲ့ရသည်။


Photo: AFP

မက်ဆီအား ပယ်နယ်တီဧရိယာအစပ်တွင် ဒီမစ်ချယ်လစ် နောက်မှ ဖျက်ထုတ်လိုက်စဉ်



## နူးကမ့်တွင် ဘာစီလိုနာကို အနိုင်ယူမည်ဟုနာဆရီကြုံးဝါး

မန်စီးတီးအသင်း ကွင်းလယ်လူနာဆရီက ပြီးခဲ့သည့်ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် ဘာစီလိုနာအသင်းကို အိမ်ကွင်း၌ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ၎င်းတို့ကိုပြန်လည်အနိုင်ယူပြမည်ဖြစ်ကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။ နာဆရီက "ဘေယန်နဲ့အုပ်စုအဆင့်ပွဲတုန်းက မြူးနစ်မှာ အနိုင်ယူပြီး အောင်ပွဲခံခဲ့တာပဲ။ လာမယ့်ဒုတိယအကျော့ပွဲမှာလည်း ဒီလိုမျိုးထပ်လုပ်ပြသွားဦးမှာပါ။ ကျွန်တော်တို့အတွက် ပွဲကမပြီးသေးပါဘူး" ဟုပြောကြားခဲ့သည်။

## Sunday Express သတင်းစာကို နယူးကာဆယ် ပိတ်ပင်

နယူးကာဆယ်အသင်းသည် နည်းပြအလန်ပါဒျူးနှင့်ပတ်သက်၍ သတင်းအမှားများဖော်ပြခဲ့သည့် Sunday Express သတင်းစာကို အသင်း၏အိမ်ကွင်းပွဲစဉ်များတွင် သတင်းယူခွင့်ပိတ်ပင်ခဲ့ကြောင်းသိရသည်။ Sunday Express သတင်းစာသည် ပြီးခဲ့သည့်တစ်ပတ်က နယူးကာဆယ်အသင်းက ဗီလာကို အိမ်ကွင်း၌ရှုံးနိမ့်ခဲ့သည့်ပွဲအပြီး နည်းပြအလန်ပါဒျူးအား ရာထူးမှထုတ်ပယ်တော့မည်ဟု ဖော်ပြခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက မကျေမနပ်ဖြစ်ခဲ့ကြောင်း သိရသည်။

## အနယ်လ်ကာအား လာမည့်တစ်ပတ်၌ FA စစ်ဆေးမည်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)သည် နာဇီဝါဒကိုထောက်ခံအားပေးသည့် အမူအရာပြုလုပ်ခဲ့သည့် ဝက်စ်ဘရွန်းတိုက်စစ်မှူး အနယ်လ်ကာ၏လုပ်ရပ်နှင့်ပတ်သက်၍ လာမည့်တစ်ပတ်၌ စတင်စစ်ဆေးကြားနာသွားမည်ဖြစ်ကြောင်းသိရသည်။ အနယ်လ်ကာသည် ပြီးခဲ့သည့်နှစ်၊ ဒီဇင်ဘာလအတွင်းက ဝက်စ်ဟမ်းအသင်းနှင့်ပွဲတွင် ဂိုးသွင်းအပြီး ယင်းကဲ့သို့အောင်ပွဲခံခဲ့ခြင်းဖြစ်ပြီး အဆိုပါအပြုအမူကြောင့် (၅)ပွဲအထိပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်းသိရသည်။

# မူလန်စတင်ကို ရာထူးမှထုတ်ပယ်ပြီး ရက်ပိုင်းအတွင်းမှာပင် ဝီလ်ကင်စ်နှင့်ကာဘစ်ရှီလေတို့ကို ဖူလ်ဟမ်ထပ်မံထုတ်ပယ်

## မူလန်စတင်သည်အသင်းကိုမတည်မငြိမ်ဖြစ်အောင်လုပ်ခဲ့ဟုမာဂတ်ဝေဖန်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နည်းပြမူလန်စတင်ကိုရာထူးမှထုတ်ပယ်ပြီး ဘေယန်မြူးနစ်နည်းပြဟောင်းမာဂတ်ကို နည်းပြသစ်ခန့်အပ်ခဲ့သည့် ဖူလ်ဟမ်အသင်းသည် ယခုအခါ နည်းပြအဖွဲ့ဝင်ဖြစ်သောရေးဝီလ်ကင်စ်နှင့် နည်းစနစ်ဒါရိုက်တာကာဘစ်ရှီလေတို့ကိုလည်း ရာထူးမှထုတ်ပယ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းလက်ထောက်နည်းပြဟောင်းဝီလ်ကင်စ်သည် ၂၀၁၀ခုနှစ်က ချယ်လ်ဆီးအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်၊ ဒီဇင်ဘာလအတွင်းက ဖူလ်ဟမ်အသင်းလက်ထောက်နည်းပြချုပ်အဖြစ်ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ ထို့အတူ ချာလ်တန်၊ ဝက်စ်ဟမ်းစသည့်အသင်းများကိုကိုင်တွယ်ခဲ့သူကာဘစ်ရှီလေမှာလည်း ပြီးခဲ့သည့်ဒီဇင်ဘာလက ဖူလ်ဟမ်အသင်းနည်းစနစ်ဒါရိုက်တာအဖြစ်ခန့်အပ်ခံခဲ့ရပြီး (၂)လနီးပါးအကြာမှာပင် ရာထူးမှထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ဖူလ်ဟမ်အသင်းမှာ မူလန်စတင်ကို နည်းပြအဖြစ်ခန့်အပ်ခဲ့စဉ်က ၎င်းခေါ်ယူခဲ့သည့် နည်းပြအဖွဲ့ဝင်များဖြစ်ကြသော မစ်ခ်ပရိစ်နှင့် ဂျိုနသန်ပေးလ်တို့ကိုလည်း ရာထူးမှအသီးသီးထုတ်ပယ်လိုက်ကြောင်းသိရသည်။ ဖူလ်ဟမ်နည်းပြသစ်မာဂတ်အနေဖြင့် အသင်းကိုစတင်ကိုင်တွယ်စဉ်ကစ၍ နည်းပြအဖွဲ့ဝင်များကိုအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖရန့်ဖတ်နည်းပြဟောင်းတိုမတ်စ်အိုရယ်လ်နှင့် ဝုလ်ဖ်ဘတ်အသင်းတွင် လက်တွဲခဲ့ဖူးသည့် ကြံ့ခိုင်ရေးနည်းပြဝါနာလုသ်ဟာ့တ်ကို ယင်းရာထူးဖြင့် ခန့်အပ်ခဲ့ကြောင်း ဗြိတိန်ထုတ် Daily Mail သတင်းစာက ဖော်ပြခဲ့သည်။

ထို့ပြင် မာဂတ်သည် ဂျာမန်နာမည်ကျော် အားကစားမဂ္ဂဇင်းဖြစ်သည့် SportBild မဂ္ဂဇင်းနှင့်တွေ့ဆုံမေးမြန်းခန်းတွင် နည်းပြဟောင်းမူလန်စတင်ကိုဝေဖန်ပြောဆိုမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ မာဂတ်က "မူလန်စတင်မတိုင်ခင်က နည်းပြတွေဟာ တိုက်စစ်ကိုဦးစားပေးတဲ့ပုံစံကျင့်သုံးခဲ့ကြပါတယ်။ မူလန်စတင် လက်ထက်မှာတော့ ချက်ချင်းဆိုသလို ခံစစ်ပိုင်းကိုပြောင်းလဲမှုတွေပြုလုပ်ခဲ့တာကြောင့် အသင်းဟာတည်ငြိမ်မှုမရှိဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်အတွက်အရေးကြီးဆုံးကတော့ ရှင်းလင်းတဲ့ဗျူဟာချမှတ်သွားဖို့ပါပဲ" ဟုပြောကြားခဲ့သည်။



ရာထူးမှထုတ်ပယ်ခံခဲ့ရသည့် ကာဘစ်ရှီလေနှင့် ဝီလ်ကင်စ်

## ဂျာမနီအသင်းကိုသာ နာဘရီ ရွေးချယ်သွားဖွယ်ရှိ

အာဆင်နယ်အသင်းမှ လူငယ်တောင်ပံကစားသမားနာဘရီသည် အိုင်ဗရီကို့စ်အသင်းထက် ဂျာမနီအသင်းကိုသာ ကိုယ်စားပြုကစားဖွယ်ရှိနေကြောင်းသိရသည်။ အသက်(၁၈)နှစ်သာရှိသေးသူနာဘရီ၏ ဖခင်ဖြစ်သူမှာ အိုင်ဗရီကို့စ်လူမျိုးဖြစ်သော်လည်း နာဘရီမှာ ဂျာမနီအသင်းအတွက်သာပါဝင်ကစားရန်ဆန္ဒရှိနေပြီး ဂျာမနီယူ-၁၉အသင်းအတွက်ပါဝင်ကစားခဲ့သူဖြစ်သည်။ ထို့အတူ ဂျာမနီအသင်းနည်းပြဂျိုအာချင်လိုးမှာလည်း နာဘရီ၏ခြေစွမ်းကိုစောင့်ကြည့်နေပြီး အသင်းတွင်ရွေးချယ်ရန်စီစဉ်နေကြောင်းလည်းသတင်းများထွက်ပေါ်နေသည်။

## အသင်းဟောင်းဆွမ်ဆီးကို လောဒရပ်ဝေဖန်

ဆွမ်ဆီးအသင်းနည်းပြဟောင်းမိုက်ကယ်လောဒရပ်သည် ၎င်း၏အသင်းဟောင်းအပေါ် ဝေဖန်မှုများထပ်မံပြုလုပ်ခဲ့ကြောင်းသိရသည်။ လောဒရပ်သည် ပြီးခဲ့သည့်ရာသီက ဆွမ်ဆီးအသင်းနှင့်အတူ လိဂ်ဖလားရယူပေးခဲ့ပြီး ယင်းမှာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးဆွတ်ခူးခဲ့သည့်ဖလားလည်းဖြစ်ခဲ့သည်။ သို့သော်လည်း ယခုနှစ်ရာသီတွင် လောဒရပ်မှာ အသင်းပိုင်ရှင်နှင့်အဆင်မပြေဖြစ်ခဲ့ပြီး ယခုလအစောပိုင်းကနည်းပြရာထူးမှထုတ်ပယ်ခံခဲ့ရသည်။ သို့ဖြစ်ရာ လောဒရပ်က ဆွမ်ဆီးအသင်းအားအသုံးမကျသည့်အသင်းဟုဝေဖန်ခဲ့ပြီး စာချုပ်ပါစည်းကမ်းချိုးဖောက်မှုအတွက် လျော်ကြေးရရန်တောင်းဆိုသွားမည်ဟု ပြောကြားခဲ့သည်။

## အာဆင်နယ်နောက်ခံလူ ဗာမယ်လန်းကို နာပိုလီခေါ်ယူလို

နာပိုလီအသင်းသည် အာဆင်နယ်အသင်းတွင် ပုံမှန်ကစားခွင့်ပျောက်ဆုံးနေသည့် ဘယ်လ်ဂျီယံနောက်ခံလူဗာမယ်လန်းအား လာမည့်နွေရာသီတွင်ခေါ်ယူနိုင်ရန် အရှိန်မြှင့်ကြိုးပမ်းလျက်ရှိနေကြောင်းသိရသည်။ ဗာမယ်လန်းသည် ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာများဖြင့်ရုန်းကန်နေရသည့်အပြင် ကိုစီယယ်လ်နီ၊ မာတီဆက်ကာတို့၏နောက်တွင် ပုံမှန်ကစားခွင့်ပျောက်ဆုံးနေသူဖြစ်သည်။ နာပိုလီအသင်းနည်းပြဘင်နီတက်ဇ်မှာ ဗာမယ်လန်းအား ယခင်ကတည်းကခေါ်ယူလိုနေပြီး နာပိုလီအသင်းတာဝန်ရှိသူများမှာ ဗာမယ်လန်း၏အေးဂျင့်နှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

## Brief

- ဒဏ်ရာကြောင့် ဘာစီလိုနာနှင့်ချန်ပီယံလိဂ်ပွဲကိုလွဲချော်ခဲ့သည့် မန်စီးတီးတိုက်စစ်မှူးအဂွေရိုက မိမိတို့အသင်းသည် ဘာစီလိုနာအသင်းကို(၂-၀)ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း အကောင်းဆုံးပုံစံဖြင့်ကစားနိုင်ခဲ့ကြောင်းပြောကြားခဲ့သည်။
- စပါးအသင်းတွင် အရန်အဖြစ်သာပါဝင်နေရသည့် ဘရာဇီးလ်ဂိုးသမားဂိုးမက်စ်သည် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါဝင်ခွင့်ရရှိရန်အသင်းမှထွက်ခွာလိုနေပြီး လိဒ်စ်အသင်းသို့ပြောင်းရွှေ့လိုနေကြောင်းသိရသည်။
- မကြာသေးမီကမှ ဒူးဒဏ်ရာမှပြန်လည်သက်သာလာသည့်စတုတ်စီးတီးနောက်ခံကစားသမားရောဘတ်ဟုသ်သည် လေ့ကျင့်ရေးကွင်းတွင် ဒဏ်ရာဟောင်းကိုပြန်လည်ထိခိုက်မိခဲ့သဖြင့် ထပ်မံခွဲစိတ်ကုသမှုခံရမည်ဖြစ်ကြောင်းသိရသည်။



# ရိုးမား၏ အိုလံပီကိုကွင်းပွဲကြည့်စင်အချို့ ထပ်မံပိတ်ပင်ခံရ

## ကွင်းပိတ်ပြစ်ဒဏ်များထပ်မံ မကျခံလိုကြောင်း တော့တီတောင်းဆို





ရိုးမားအသင်းနည်းပြ ဂါစီယာ

ရိုးမားအသင်းကွင်း ထည့်နေရာပုံကြမ်း

အိုလံပီကိုကွင်း၏ Curva Sud နှင့် Curva Nord (ထောင့်ကန်ဘောကန်သည့် အနောက်ဘက်ပွဲကြည့်စင်နှစ်ခု) (၂)ပွဲပိတ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ရိုးမားအသင်း၏ပြစ်ဒဏ်အား Distinti Sud (ထောင့်ကန်ဘောကန်သည့်နေရာမှ ဂိုးတိုင်အနောက်ဖက်ပွဲကြည့်စင်)ကိုပါ ထပ်မံပိတ်ပင်လိုက်ကြောင်း စီးရီးအေစည်းကမ်းထိန်းသိမ်းရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ကြောင့် ရိုးမားအသင်းနှင့်အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်မည့်စီးရီးအေပွဲစဉ်တွင် ရိုးမားအသင်းပရိသတ်များအနေဖြင့် ပွဲကြည့်စင်တစ်ခုလုံး၏ သုံးပုံတစ်ပုံခန့် အထိကြည့်ရှုခွင့်ရတော့မည် မဟုတ်ကြောင်း သိရသည်။

ရိုးမားအသင်းပရိသတ်များသည် ဆမ်ဒိုရီးယားအသင်းကို အနိုင်ရရှိသည့်ပွဲစဉ်တွင် နေပယ်လ်မြို့ခံ နာပိုလီပရိသတ်များအား ရည်ရွယ်၍ အကြမ်းဖက်သည့်အသုံးအနှုန်းများဖြင့် အော်ဟစ်အားပေးခဲ့ခြင်းကြောင့် ပွဲကြည့်စင်ထပ်မံ အပိတ်ပင်ခံရခြင်းဖြစ်သည်။ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထုတ်ပြန်ချက်အရ ယင်းပွဲစဉ်၌ Distinti Sud ပွဲကြည့်စင်မှ ရိုးမားပရိသတ်(၆၀၀၀)ခန့်က "နေပယ်လ်မြို့အရှေ့ဘက်ရှိ Vesuvius မီးတောင်ပေါက်ကွဲကာ နေပယ်လ်မြို့မှ လူများကို ရှင်းလင်းသွားပါစေ"ဟု အဓိပ္ပါယ်ရသည့် စာသားဖြင့် အော်ဟစ်အားပေးခဲ့ကြောင်း။ ထို့ကြောင့် ရိုးမားအသင်းကို ဒဏ်ငွေယူရို(၈)သောင်းနှင့် Distinti Sud ပွဲကြည့်စင် ပိတ်ပင်သည့်ပြစ်ဒဏ် ထပ်မံချမှတ်လိုက်ခြင်းဖြစ်သည်။

ရိုးမားကစားသမားများသည် ပြစ်ဒဏ်ချမှတ်ထားမှုအား အရှုံ့တိုက်၍ ဆမ်ဒိုရီးယားကို အနိုင်ရခဲ့သည့် ပွဲအပြီးတွင် ကွင်းပိတ်ခံထားရသည့်ပွဲကြည့်စင်များရှေ့တွင် အောင်ပွဲခံခဲ့ကြသော်လည်း ပရိသတ်မပါဝင်ဘဲ ကစားရခြင်းက ဖိအားများကြောင်းကိုမူ ဝန်ခံခဲ့ကြသည်။ ရိုးမားအသင်းခေါင်းဆောင်တော့တီက ကစားသမားများအနေဖြင့် အိမ်ကွင်းပွဲစဉ်များတွင် အသင်းပရိသတ်များ၏ အားပေးမှု လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ကျန်ပွဲစဉ်များတွင် ကွင်းပိတ်ခံရမည့်အားပေးမှုများ မပြုလုပ်ကြရန် အသင်းပရိသတ်များအား ရိုးမားအသင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ဖော်တောင်းဆိုလိုက်သည်။

### ယခုရာသီတွင် နာပိုလီပရိသတ်များကို စော်ကားခဲ့၍ ကွင်းပိတ်ပြစ်ဒဏ်ချမှတ်ခံရမှုအချို့

- ဂျူဗင်တပ်စ်အသင်းပရိသတ်များသည် နာပိုလီအသင်းနှင့်ကစားခဲ့သည့် စီးရီးအေပွဲစဉ်တွင် နာပိုလီအသင်းပရိသတ်များအား အော်ဟစ်လှောင်ပြောင်ခဲ့ကြသဖြင့် Curva Nord နှင့် Curva Sud ပွဲကြည့်စင်နှစ်ခု ပိတ်ပင်ခံခဲ့ရ။
- နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် စီးရီးအေပွဲစဉ်၌ အင်တာမီလန်ပရိသတ်အချို့သည် နေပယ်လ်မြို့နှင့် နာပိုလီအသင်းကို စော်ကားသည့် စကားများဖြင့် အော်ဟစ်အားပေးခဲ့သဖြင့် Curva nord ပွဲကြည့်စင်ကို ကွင်းပိတ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရ။

### နာပိုလီအသင်း၏သံတမန်တစ်ဦးအဖြစ် မာရာဒိုနာ ဆောင်ရွက်ပေးလို

နာပိုလီအသင်း၏ဂန္ထဝင်ကစားသမားဖြစ်သူ မာရာဒိုနာက အသင်းအတွက် ကမ္ဘာလုံးဆိုင်ရာသံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ပေးလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ မာရာဒိုနာက "ကျွန်တော် နာပိုလီအသင်းကို အရမ်းချစ်ပါတယ်။ ဒါကြောင့် အသင်းရဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ပေးဖို့ ပြဿနာမရှိသလို၊ ဆန္ဒလည်း ရှိပါတယ်"ဟု ပြောကြားခဲ့သည်။ သို့ရာတွင် မာရာဒိုနာအနေဖြင့် နာပိုလီအသင်းတွင် ကစားခဲ့စဉ်က အခွန်ယူရို(၃၉)သန်းတိမ်းရှောင်ခဲ့သည်ဟု စွပ်စွဲခံနေရသည့် ကိစ္စအား အီတလီအာဏာပိုင်များနှင့် ဖြေရှင်းပြီးမှသာ ယင်းတာဝန်ကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ မာရာဒိုနာသည် ယင်းအခွန်စွပ်စွဲမှုအား ဥရောပသမဂ္ဂ(EU)သို့ အယူခံဝင်ထားရာ လာမည့်မတ်လတွင် အပြီးသတ်ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။

### အင်တာပွဲတိုင်းကို ဥက္ကဋ္ဌသိုဟာအားမပေးနိုင်သော်လည်း ပြဿနာမရှိဟု မက်ဇာရီဆို

အင်တာမီလန်အသင်းနည်းပြမက်ဇာရီက အသင်း၏ပွဲစဉ်တိုင်းကို ဥက္ကဋ္ဌသိုဟာအနေဖြင့် အားပေးမှုမပြုလုပ်နိုင်သည့်အတွက် ပြဿနာတစ်စုံတစ်ရာမရှိဘဲ အသင်းရလဒ်အပေါ် မသက်ရောက်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။ ဥက္ကဋ္ဌသိုဟာသည် အင်ဒိုနီးရှားတွင်သာ အခြေချနေထိုင်ခြင်းကြောင့် အင်တာမီလန်အသင်း၏ပွဲစဉ်တိုင်းကို လာရောက်အားပေးကြည့်ရှုနိုင်ခြင်းမရှိသည့်အတွက် ဝေဖန်မှုများထွက်ပေါ်နေခြင်းဖြစ်သည်။ နည်းပြမက်ဇာရီက "အသင်းရဲ့ ပွဲတိုင်းကို ဥက္ကဋ္ဌလာ အားမပေးနိုင်တာက ပြဿနာတစ်ရပ်မဟုတ်ပါဘူး။ ဒီအတွက်ကြောင့် အသင်းရဲ့ရလဒ်အပေါ် သက်ရောက်မှာမဟုတ်ဘူးဆိုတာတော့ ကျွန်တော်အာမခံပါတယ်"ဟု ပြောကြားခဲ့သည်။

### ဂျူဗင်တပ်စ်နှင့်စာချုပ်သစ်ချုပ်ဆိုရန် ဘူဖွန် မဆုံးဖြတ်ရသေး

ဂျူဗင်တပ်စ်အသင်း၏ ဝါရင့်ဂိုးသမားဘူဖွန်သည် အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန် မဆုံးဖြတ်ရသေးကြောင်း သိရသည်။ အသင်းခေါင်းဆောင်ဘူဖွန်သည် ဂျူဗင်တပ်စ်အသင်းနှင့် ကာလရှည်လက်တွဲခဲ့သူဖြစ်ပြီး စီးရီးဘီအထိ လိုက်ပါကစားခဲ့သည့် အသင်း၏သစ္စာရှိကစားသမားဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဂျူဗင်တပ်စ်နှင့်စာချုပ် သက်တမ်းကုန်ဆုံးတော့မည့် ဘူဖွန်သည် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး တိကျသည့်ဆုံးဖြတ်မှုမပြုလုပ်ရသေးဘဲ၊ ကစားသမားဘဝမှလည်း အနားယူသွားနိုင်ကြောင်း ၎င်း၏အေးဂျင့်မာတီနာက CalcioMercato သို့ ရှင်းလင်းပြောကြားခဲ့သည်။

## BRIEF

- ရာသီကုန်တွင် အနားယူတော့မည့် အူဒီးနီးစ်တိုက်စစ်မှူးဒီနာတာလီ၏ဆုံးဖြတ်ချက်အား ပြန်လည်စဉ်းစားရန် အသင်းဖော် ဘရူနိုဖာနန်ဒက်စ်က တိုက်တွန်းလိုက်သည်။
- ရလဒ်များဆိုးရွားနေသည့် ကာဂလီယာရီအသင်းသည် လက်ထောက်နည်းပြအီဗိုပူလ်ဂါကို ရာထူးမှ ထုတ်ပယ်လိုက်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- အေစီမီလန်လက်ထောက်နည်းပြတက်ဆော့တီသည် အသင်းမှ ထွက်ခွာရန် စီစဉ်နေပြီး ၎င်း၏နေရာတွင် ခရက်စပို၊ ဂျပ်စတမ်းတို့ အစားထိုးဝင်ရောက်ဖွယ်ရှိနေသည်။
- ရိုးမားအသင်းညာနောက်ခံလူ မိုင်ကွန်သည် ပေါင်ကြွက်သားဒဏ်ရာကြောင့် အနည်းဆုံး(၁၀)ရက်ခန့် အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

### မန်ယူမှ ထွက်ခဲ့သည့် ဆုံးဖြတ်ချက်အတွက် ပေါ့ဘာကျေနပ်

ဂျူဗင်တပ်စ်အသင်း၏ လူငယ်ကွင်းလယ်လူပေါ့ဘာက ၎င်း၏ကစားသမားဘဝတွင် ကျေနပ်စရာအကောင်းဆုံး ဆုံးဖြတ်ချက်မှာ မန်ယူမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့အပြင် ပေါ့ဘာက ကစားသမားဘဝတွင် အမှတ်အရဆုံးဖြစ်ရပ်နှစ်ခုမှာ ပထမဆုံးအကြိမ်ဒဏ်ရာရခဲ့ခြင်းနှင့် နည်းပြဖာဂူဆန်မှ မိမိကို မန်ယူအသင်းလူစာရင်းတွင် မထည့်သွင်းခဲ့ခြင်းဟု ဆိုခဲ့သည်။

### ဆီးဒေါ့ဖ်ကို အစ်ကိုတစ်ဦးအဖြစ် ဘာလိုတယ်လီသတ်မှတ်

အေစီမီလန်အသင်းတိုက်စစ်မှူးဘာလိုတယ်လီက နည်းပြဆီးဒေါ့ဖ်သည် ၎င်းအတွက် အစ်ကိုတစ်ဦးဖြစ်ကြောင်း သတ်မှတ်ချီးကျူးလိုက်သည်။ ဆီးဒေါ့ဖ်နှင့် ပတ်သက်ပြီး ဘာလိုတယ်လီက "သူ(ဆီးဒေါ့ဖ်)ဟာ ကျွန်တော့်အတွက်တော့ အစ်ကိုတစ်ယောက်လိုပါပဲ။ သူ့ကြောင့် အသင်းရဲ့လေ့ကျင့်ခန်းအစီအစဉ်တွေ ပိုလွယ်ကူလာပါတယ်"ဟု ဆိုခဲ့သည်။

### တိုက်စစ်မှူးပလာစီယိုကို သက်တမ်းတိုးရန် အင်တာစီစဉ်

အင်တာမီလန်အသင်းသည် အဓိကတိုက်စစ်မှူးပလာစီယိုအား (၂)နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။ ယခု ရာသီတွင် အင်တာအသင်းအတွက် ပြိုင်ပွဲစုံသွင်းဂိုး(၁၃)ဂိုးအထိ သွင်းယူပေးထားသူ ပလာစီယိုသည် အသင်းနှင့် ၂၀၁၅ ခုနှစ်အထိ စာချုပ်ကျန်ရှိသေးသော်လည်း ၂၀၁၇ ခုနှစ်အထိ သက်တမ်းတိုးရန် အင်တာမှ အလိုရှိနေခြင်းဖြစ်သည်။

# စီးရီးအေအသင်းများ၏ စိတ်ဝင်စားမှုခံနေရသည့် အေစီမီလန်လူငယ်နည်းပြအင်ဇာဂီ ပထမဆုံးဆုဖလားရရှိ



Photo: acmilan.com

စီးရီးအေအသင်းများ၏ စိတ်ဝင်စားမှုခံနေရသည့် အေစီမီလန်လူငယ်အသင်းနည်းပြအင်ဇာဂီသည် ၎င်း၏နည်းပြဘဝ ပထမဆုံးဆုဖလားအဖြစ် Viareggio Cup ကို ရရှိသွားခဲ့ကြောင်း သိရသည်။ Viareggio Cup ပြိုင်ပွဲသည် အီတလီကလပ်အသင်းများအပြင် ကမ္ဘာ့တိုက်ကြီးများမှ ကလပ်အသင်းစုစုပေါင်း(၃၂)သင်းအထိ ဝင်ရောက်ယှဉ်ပြိုင်သည့် အစဉ်အလာရှိ နိုင်ငံတကာလူငယ်ဘောလုံးပြိုင်ပွဲတစ်ခုဖြစ်သည်။

အေစီမီလန်လူငယ်အသင်းသည် ဗိုလ်လုပွဲတွင် အန်ဒါလက်ချ်လူငယ်အသင်းကို အနိုင်ရကာ ပြိုင်ပွဲတစ်လျှောက်အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ကာတာနီယာ၊ ဆမ်ဒိုရီးယားအသင်းများ၏ စိတ်ဝင်စား ခံနေရသည့် နည်းပြအင်ဇာဂီက ၎င်း၏အနာဂတ်အတွက် အေစီမီလန်လူငယ်အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ဝန်ခံခဲ့သည်။

Premier Eleven Sports Journal Vol:11 No.26 23, February, 2014

# ကမ္ဘာ့ဖလားအကြိုနီးနောဖလှယ်ပွဲအဖြစ် ပြိုင်ပွဲတွင်ပါဝင်မည့် အသင်း(၃၂)သင်းမှ နည်းပြများနှင့်ဖီဖာတာဝန်ရှိသူများတွေ့ဆုံ

## အင်္ဂလန်ပရိသတ်များ၏ လုံခြုံရေးအတွက်စိုးရိမ်မိဟု ဟော့ဂ်ဆန်ဆို



Manaus မြို့အောင်ဒန်အားအာနီတို(ဝဒ)၊ အင်္ဂလန်အသင်းနည်းပြဟော့ဂ်ဆန်နှင့် တာဝန်ရှိသူများအား Manaus မြို့ Amazonas ကွင်းအတွင်းတွေ့ရစဉ်

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်မှုများနှင့်ပတ်သက်၍ နီးနောဖလှယ်ပွဲတစ်ရပ်ကို ပြီးခဲ့သည့်အင်္ဂါနေ့က ဘရာဇီးလ်နိုင်ငံရှိ ဖလော်ရီရန်နာပိုလစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းနီးနောဖလှယ်ပွဲသို့ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင် အသင်း(၃၂)သင်းမှနည်းပြများနှင့် ဖီဖာတာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဖီဖာမှ တာဝန်ရှိသူများသည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲတစ်ရပ်ကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် ကမ္ဘာ့ဖလားပွဲစဉ်များကျင်းပမည့် ကွင်း(၁၂)ကွင်းအား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ခြင်းရှိ၊ မရှိကို အဓိကအကြောင်းအရာအဖြစ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ဖလားပွဲစဉ်များကျင်းပမည့် ကွင်း(၁၂)ကွင်းအားပြုပြင်တည်ဆောက်ရေးအတွက် ဖီဖာမှ တိုးမြှင့်သတ်မှတ်ပေးထားသည့်ကာလမှာ (၂)လကျော်သာလိုအပ်တော့ချိန်တွင် ဘရာဇီးလ်နိုင်ငံ၌ ကမ္ဘာ့ဖလားပြိုင်ပွဲကိုဆန့်ကျင်ဆန္ဒပြမှုများ၊ ဆော်ပေါ်လို၊ Manaus နှင့် ဘရာဆီလီယာမြို့တွင် ကွင်းတည်ဆောက်ရေးလုပ်ငန်းများ၌ မတော်တဆဖြစ်ရပ်များကြောင့် အလုပ်သမား(၆)ဦးခန့်သေဆုံးခဲ့သည့်ဖြစ်ရပ်များကြောင့် ကွင်းပြင်ဆင်ရေးလုပ်ငန်းများမှာ နှောင့်နှေးကြန့်ကြာလျက်ရှိနေသည်။ သို့ဖြစ်ရာ ယင်းနီးနောဖလှယ်ပွဲတွင် အဆိုပါပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသလို၊ အင်္ဂလန်အသင်းနည်းပြရွိုင်းဟော့ဂ်ဆန်ကလည်း ဘရာဇီးလ်နိုင်ငံမှ အဓိကရုဏ်းဖြစ်ရပ်များကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လာရောက်ကြည့်ရှုကြမည့် အင်္ဂလန်ပရိသတ်များ၏လုံခြုံရေးကို စိုးရိမ်မိကြောင်းထည့်သွင်းပြောကြားခဲ့သည်။

> ကွင်း(၁၂)ကွင်းအား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ခြင်းရှိ၊ မရှိကို အဓိကအကြောင်းအရာအဖြစ် ထည့်သွင်းဆွေးနွေး...

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ရီယိုဒီဂျနေးရိုးမြို့တွင်အခြေစိုက်၍ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်မှာ ၎င်းတို့၏လုံခြုံရေးအတွက် တစ်စုံတစ်ရာစိုးရိမ်မှုမရှိသော်လည်း ပရိသတ်များ၏ လုံခြုံရေးကိုမူ စိုးရိမ်မိကြောင်း ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။ ဟော့ဂ်ဆန်က "ကျွန်တော်တို့အသင်းလုံခြုံရေးအတွက် တာဝန်ရှိသူတွေက ကာကွယ်မှုတွေအများကြီးစီစဉ်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ထက် ပရိသတ်တွေရဲ့လုံခြုံရေးကို ပိုစိုးရိမ်မိတာပါ။ ဒါပေမဲ့ ဘရာဇီးလ်အစိုးရ တာဝန်ရှိသူတွေနဲ့ ဖီဖာက တာဝန်ရှိသူတွေဟာအဲဒီကိစ္စအတွက်ပြင်ဆင်မှုတွေလုပ်ထားမယ်လို့ယုံကြည်ပါတယ်"ဟုဆိုခဲ့သည်။

## ဂွါဒီယိုလာအား ဝင်းဂါးနှင့် ရှမင်နစ်ဂီ ခိုင်းနှိုင်းချီးကျူး

ဘေယန်မြူးနစ်အသင်း အမှုဆောင်အရာရှိရှမင်နစ်ဂီသည်အသင်းနည်းပြဂွါဒီယိုလာအား အာဆင်နယ်နည်းပြအာစင်ဝင်းဂါးနှင့် နှိုင်းနှိုင်းချီးကျူးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ ရှမင်နစ်ဂီက မိမိတို့သည် မိုနာကိုအသင်းကို အာစင်ဝင်းဂါးကိုင်တွယ်စဉ် ၁၉၉၀ ဝန်းကျင်က ဝင်းဂါးကိုခေါ်ယူရန်နီးစပ်ခဲ့ဖူးကြောင်း၊ သို့သော်ဝင်းဂါးမှာ မိမိတို့ကိုငြင်းပယ်ကာ ဂျေလိဂ်သို့ပြောင်းရွှေ့ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်မူ အာစင်ဝင်းဂါးကဲ့သို့ နည်းပြမျိုးကို ပိုင်ဆိုင်ထားပြီဖြစ်ပြီး ယင်းကဲ့သို့ နည်းပြမျိုးရရှိရန် နှစ်ပေါင်း(၂၀)ခန့်စောင့်ဆိုင်းခဲ့ရကြောင်း ပြောကြားခဲ့သည်။

## ဟမ်းဘတ်အသင်း နည်းပြသစ်ခန့်အပ်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နည်းပြဖန်မာဝစ်ခ်ကို ရာထူးမှထုတ်ပယ်ခဲ့သည့် ဟမ်းဘတ်အသင်းသည် ဝါရင့်နည်းပြဖြစ်သူဆလွှန်ကာအား (၂)နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ အသက်(၄၆)နှစ်အရွယ်ရှိပြီဖြစ်သူ ဆလွှန်ကာသည် ရော့်လ်ကာ၊ ဟန်နိုဗာအသင်းတို့ကို ကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက ဟန်နိုဗာနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ ဆလွှန်ကာသည် လာမည့်ဒေါ့မွန်နှင့်ပွဲတွင် အသင်းကိုစတင်ကိုင်တွယ်မည်ဖြစ်ကြောင်းသိရသည်။

## ၂၀၁၄ ဥရောပစူပါဖလားကို ကာဒစ်ဖ်ကွင်း၌ ကျင်းပမည်

လာမည့် ၂၀၁၄ ဥရောပစူပါဖလားဗိုလ်လုပွဲကို ကာဒစ်ဖ်စီးတီးကွင်းတွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပွဲအား ဩဂုတ်လ(၁၂)ရက်နေ့တွင် ကစားသွားမည်ဖြစ်ပြီး ကာဒစ်ဖ်စီးတီးကွင်း၌ UEFA မှကြီးမှူးကျင်းပသည့်ပြိုင်ပွဲဗိုလ်လုပွဲကိုပထမဆုံးအကြိမ်လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်ပြိုင်ပွဲကိုမူ ချက်နိုင်ငံ၊ ပရပ်ဂ်မြို့တွင်ကျင်းပခဲ့ပြီး ဘေယန်မြူးနစ်အသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

# FIRST ELEVEN QUIZ 11

| မေးခွန်း | ရမှတ် |
|---|---|
| ချန်ပီယံလိဂ်ချန်ပီယံ | 4 |
| ယူရိုပါလိဂ်ချန်ပီယံ | 4 |
| ပရီးမီးယားလိဂ်ချန်ပီယံ | 4 |
| လာလီဂါချန်ပီယံ | 3 |
| စီးရီးအေချန်ပီယံနှင့် ဘွန်ဒက်စ်လီဂါချန်ပီယံ | 3 |
| ပရီးမီးယားလိဂ် တန်းဆင်း (၃)သင်း | 5 |
| မန်ချက်စတာမြို့ခံနှစ်သင်းကြား ရမှတ်ကွာခြားချက် | 5 |
| စီဇင်နယ်လ်ဒိုဏ် ရာသီကုန် လာလီဂါသွင်းဂိုး | 5 |
| ဥရောပဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုရှင် | 5 |
| ပရီးမီးယားလိဂ် ဂိုးသွင်းဘုရင်နှင့် သွင်းဂိုး | 6 |
| စီးရီးအေဂိုးသွင်းဘုရင်နှင့် သွင်းဂိုး | 6 |

စုစုပေါင်းပေးသည့်ရမှတ် = ၅၀ မှတ် (ဇော်ပြပါကဏ္ဍများမှာ ရမှတ်များဖြစ်ပြီး အမှတ်အများဆုံးရရှိသူအား ဆုချီးမြှင့်မည်ဖြစ်ပါသည်)

ဖြေဆိုသူအမည် ---------- မှတ်ပုံတင်အမှတ် ----------

ဆက်သွယ်ရန်လိပ်စာ ----------

----------

ဆက်သွယ်ရန်ဖုန်းနံပါတ် ----------

## စည်းကမ်းချက်များ

၁။ First Eleven နှင့် Premier Eleven Sports Journal များတွင်ပါဝင်သည့် ဖြတ်ပိုင်းများတွင် အဖြေများကိုဖြည့်စွက်၍ပေးပို့ရပါမည်။
၂။ ဖြေဆိုသူများအနေဖြင့် တစ်ဦးလျှင်အဖြေလွှာအများဆုံး(၃)စောင်အထိသာဖြေဆိုခွင့်ရှိမည်ဖြစ်ပါသည်။
၃။ စာအိတ်ပေါ်တွင် "First Eleven Quiz 11 ဘောလုံးခန့်မှန်းပြိုင်ပွဲ"ဟု ရှင်းလင်းပြတ်သားစွာရေးသားလိပ်မူပြီး အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီးအပိုင်း(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ သို့ပေးပို့ရပါမည်။
၄။ အဖြေလွှာများကို ၂၀၁၄ ၊ မတ်လ(၃၁)ရက်နေ့ နောက်ဆုံးထား၍လက်ခံသွားမည်ဖြစ်ပါသည်။ (မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၎င်းနေ့ရက်ထက်နောက်ကျပြီးရောက်ရှိလာသောအဖြေလွှာများကို လက်ခံမည်မဟုတ်ပါ)
၅။ အဖြေအားလုံးကိုမှန်ကန်ရန်မလိုဘဲ အမှတ်အများဆုံးရရှိသူကို ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။
၆။ အမှတ်အများဆုံးရရှိသူဦးရေမှာ တစ်ဦးထက်ပိုရှိပါက ဆုကြေးငွေကို(၅ဦးအထိအား မဲနှိုက်၍) အချိုးကျခွဲဝေပေးသွားပါမည်။ (အမှတ်အများဆုံးရရှိသူဦးရေ မည်မျှရှိသည်ဖြစ်စေ အများဆုံး ၅ ဦးအထိကိုသာ မဲနှိုက်၍ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်)

**အမှတ်အများဆုံးရရှိအောင်ဖြေဆိုနိုင်သူအား ချီးမြှင့်မည့်ဆုငွေ - ကျပ် (၃၀)သိန်း**

## မာရသွန်ဝက်ပြေးပွဲတွင် ကင်ညာအပြေးမယ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့

ကင်ညာအပြေးမယ် ဖလော်ရင့်ကီပလာဂတ်သည် ဘာစီလိုနာမြို့တွင် ကျင်းပခဲ့သည့် မာရသွန်ဝက်ပြေးပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်ရှိနိုင်ခဲ့ကြောင်း သိရသည်။ အသက်(၂၆)နှစ်အရွယ်ရှိ ကီပလာဂတ်အနေဖြင့် ယင်းပြိုင်ပွဲတွင် (၁)နာရီ၊ (၅)မိနစ်၊ (၁၂)စက္ကန့်ပြေးခဲ့ပြီး ၂၀၁၁ခုနှစ်က တစ်နိုင်ငံတည်းသူ ကိုင်တာနီတင်ရှိထားခဲ့သည့် (၁)နာရီ၊ (၅)မိနစ်၊ (၅၀)စက္ကန့်ကို ချိုးဖျက်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲမတိုင်မီ ကီပလာဂတ်၏မာရသွန်ဝက်အကောင်းဆုံးစံချိန်မှာ (၁)နာရီ၊ (၆)မိနစ်၊ (၃၈)စက္ကန့်ပြေးထားကြောင်း သိရသည်။

## ဆုဖလားနှင့်ဝေးကွာနေမှုအား ဘူဘာဝက်ဆန် အဆုံးသတ်နိုင်ခဲ့

အမေရိကန်ဂေါက်သီးသမား ဘူဘာဝက်ဆန်သည် ၂၀၁၂ မာစတာစ်ဂရင်းစလင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ဆုဖလားများနှင့်ဝေးကွာနေမှုအား Northern Trust Open ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့မှုနှင့်အတူ အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဘူဘာဝက်ဆန်မှာ ယင်းပြိုင်ပွဲတွင် (၄)ရက်ပေါင်း၌ (၁၅)ချက်လျော့ရိုက်ကာ စုစုပေါင်း(၂၆၉)ချက်ဖြင့် ဒုတိယရသူထက် (၂)ချက်အသာရကာဗိုလ်စွဲခဲ့ပြီး (၅)ကြိမ်မြောက် PGA Tourဆုဖလားရယူနိုင်ခဲ့သည်။

# Pussy Riotအဖွဲ့၏ဆန္ဒပြမှုများကို IOC သတိပေးခဲ့ပြီး ယူကရိန်းအားကစားသမားများတောင်းဆိုမှုကိုလည်း ပိတ်ပင်တားမြစ်

နိုင်ငံတကာအိုလံပစ်ကော်မတီ(IOC)သည် ၂၀၁၄ ဆိုချီဆောင်းရာသီအိုလံပစ်ပြိုင်ပွဲများကျင်းပနေသည့် အားကစားကွင်းများ၏ အပြင်ဘက်တွင် ရုရှားသမ္မတပူတင်အား ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်နေသည့် ရုရှားပန့်ခ်အဖွဲ့ဖြစ်သည့် Pussy Riot ကို သတိပေးပြောကြားမှုများပြုလုပ်ခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။ IOC၏ပြောရေးဆိုခွင့်ရှိသူ မာ့ခ်အဒမ်စ်က Pussy Riot အနေဖြင့် အိုလံပစ်အခန်းကဏ္ဍကိုလေးစားသင့်ကြောင်းနှင့် ကိုးကြောင်းဆီလျော်သည့် လုပ်ရပ်မဟုတ်ဟု ဖြစ်တင်ဝေဖန်ခဲ့သည်။ Pussy Riot အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် တိုလိုကွန်နီကိုဗာနှင့် အယ်လိုခီနာတို့နှစ်ဦးသည် ၂၀၁၂ ခုနှစ်အတွင်းက ပူတင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကမှ ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ နှစ်ဦးသည် အိုလံပစ်ပြိုင်ပွဲစတင်သည့် ပြီးခဲ့သည့်အပတ်ကတည်းက ဆိုချီမြို့သို့ရောက်ရှိနေပြီး အစိုးရအားဆန့်ကျင်ဆန္ဒပြမှုများကြောင့် ရဲတပ်ဖွဲ့မှ အင်္ဂါနေ့တွင် နာရီများစွာ ဖမ်းဆီးထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။



ရဲစခန်းမှပြန်ထွက်လာသည့် Pussy Riot အဖွဲ့ဝင်နှစ်ဦး

IOC သည် ယူကရိန်းနိုင်ငံတွင်း အာဏာပိုင်အစိုးရနှင့် ဆန္ဒပြသူများအကြား အကြမ်းဖက်မှုများဖြစ်ပွားခဲ့မှုကြောင့် သေဆုံးခဲ့ရသူများအတွက် ယူကရိန်းအားကစားသမားများမှ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အနက်ရောင်လက်ပတ်ဝတ်ဆင်ရန် တောင်းဆိုမှုကို ပိတ်ပင်တားမြစ်ခဲ့သည်။ ယူကရိန်းအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် ဆိုချီပြိုင်ပွဲဝင်ယူကရိန်းအားကစားအဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်သူ ဆာဂျီဘူကာက IOC ထံ တောင်းဆိုခဲ့ခြင်းဖြစ်ပြီး IOC မှ အားကစားဝတ်စုံများပေါ်တွင် ယင်းကဲ့သို့ဝတ်ဆင်ခြင်းမှာ အိုလံပစ်သဘောတူညီချက်ကို ချိုးဖျက်ရာရောက်ကြောင်း တုံ့ပြန်ခဲ့ကာ တားမြစ်ခဲ့ခြင်းဖြစ်သည်။ ဆာဂျီဘူကာက IOC ၏ ဖြေရှင်းချက်ကို လက်သင့်ခံကြောင်းဆိုခဲ့ပြီး သေဆုံးခဲ့သူများအတွက် ဝမ်းနည်းမှုနှင့် ကရုဏာရှိမှုကို ပြသလိုခြင်းသာဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ ထို့ပြင် ဆာဂျီဘူကာက "မိခင်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေအတွက် များစွာစိတ်မကောင်းဖြစ်ရပါတယ်။ ယူကရိန်းဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတချို့ရဲ့ပိုင်ဆိုင်မှုမဟုတ်တဲ့ ကျွန်တော်တို့အားလုံးပိုင်တဲ့မြေပါ"ဟု ဆက်လက်ပြောကြားခဲ့သည်။ ယင်းအကြမ်းဖက်ဖြစ်ရပ်များအတွင်း အနည်းဆုံး (၂၆)ဦးခန့်သေဆုံးခဲ့ကြောင်းလည်း သိရသည်။

## ATP နှင့် WTA ပြိုင်ပွဲများတွင် နီရှိကိုရီ၊ ဘာဒစ်ချ်၊ ဒေးဗစ်ဖာရာ နှင့် ဟာလက်စ်တို့ ဗိုလ်စွဲခဲ့

ATP Tourတင်းနစ်ပြိုင်ပွဲများဖြစ်သည့် ABN AMROတွင် ချက်မှ တိုမတ်စ်ဘာဒစ်ချ်၊ US National Indoorပြိုင်ပွဲတွင် ဂျပန်မှ နီရှိကိုရီနှင့် Copa Claroပြိုင်ပွဲတွင် စပိန်မှ ဒေးဗစ်ဖာရာတို့ အသီးသီးဗိုလ်စွဲခဲ့ပြီး WTA Tourပွဲစဉ်ဖြစ်သည့် ကာတာအိုးပင်းပြိုင်ပွဲတွင် ရိုမေးနီးယားကြယ်ပွင့်တင်းနစ်မယ် ဆီမိုနာဟာလက်ပ်က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

## တုတ်ထောက်ခုန်စံချိန်ချိုးခဲ့သည့် လာဗီလ်လန်နီ ဒဏ်ရာကြောင့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကိုလွဲချော်မည်

ကမ္ဘာ့တုတ်ထောက်ခုန်စံချိန်သစ်တင်ခဲ့သည့် ပြင်သစ်နိုင်ငံသား လာဗီလ်လန်နီသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် လာမည့်လတွင် ပိုလန်နိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ရုံတွင်းချန်ပီယံရှစ်ပြိုင်ပွဲကို လွဲချော်တော့မည်ဖြစ်ကြောင်း သိရသည်။ လာဗီလ်လန်နီမှာ ယူကရိန်းတွင်ကျင်းပခဲ့သည့် ပြိုင်ပွဲတစ်ရပ်တွင် ကမ္ဘာ့စံချိန်သစ်တင်ရန်ကြိုးပမ်းရာမှ ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

## ဖလွိုက်မေဝယ်သာနှင့်ထိုးသတ်ရန် မည်သည့်သဘောတူညီမှုမျှမရရှိသေးကြောင်း မိုင်ဒါနာ ဝန်ခံ

WBAဝယ်လ်တာဝိတ်ချန်ပီယံဖြစ်သူ အာဂျင်တီးနားလက်ဝှေ့သမား မားကို့စ်မိုင်ဒါနာက ရှုံးပွဲမရှိသေးသည့် ဖလွိုက်မေဝယ်သာနှင့်ထိုးသတ်ရန် မည်သည့်သဘောတူညီမှုမျှ မရရှိသေးကြောင်း ဝန်ခံပြောကြားခဲ့သည်။ အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ဆန္ဒတောင်းခံမှုတွင် မိုင်ဒါနာမှာ အာမီခန်းကို အရေးနိမ့်ခဲ့ပြီး မေဝယ်သာကလည်း လာမည့်မေလ(၃)ရက်နေ့တွင် ၎င်းနှင့်ထိုးသတ်မည့်ပြိုင်ဘက်အား မကြေညာသေးဘဲရှိနေသည်။

## ပွဲစဉ်ပြောင်းလဲမှုကြောင့် Milan-San Remo ပြိုင်ပွဲမှ ခရစ္စဖရွမ်း နုတ်ထွက်ခဲ့

လက်ရှိ Tour de France ချန်ပီယံဖြစ်သူ ခရစ္စဖရွမ်းသည် လာမည့်လတွင်ကျင်းပမည့် Milan-San Remo Classic စက်ဘီးပြိုင်ပွဲနောက်ဆုံးအဆင့်ပွဲစဉ်တွင် တောင်တက်ပြိုင်ပွဲထည့်သွင်းခဲ့မှုကြောင့် ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့သည်။ သို့သော် ခရစ္စဖရွမ်းက ကျင်းပလျက်ရှိသည့် Tour of Oman ပြိုင်ပွဲတွင်မူ ဗိုလ်စွဲရန်ပစ်မှတ်ထားနေကြောင်းလည်း ပြောကြားခဲ့သည်။

## IN-BRIEF

- ❒ မြောက်အိုင်ယာလန်ဂေါက်သီးသမား မက်အီလ်ရွိုင်းနှင့် ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာကီတို့သည် ယခုနှစ်အတွင်း လက်ထပ်ပွဲဆင်နွှဲဖွယ်ရှိနေကြောင်း သိရသည်။
- ❒ တောင်အာဖရိကဂေါက်သီးသမား သောမတ်စ်အိုက်ကန်သည် Africa Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျင်းပိုအဆုံးအဖြတ်ပထမကျင်းတွင် ဘာဒီရိုက်ချက်ဖြင့် ဗိုလ်စွဲခဲ့သည်။
- ❒ ဖော်မြူလာဝမ်းကားမောင်းသမားဟောင်း မိုက်ကယ်ရှူးမေကာ၏ မတော်တဆထိခိုက်မှုမှာ နှင်းလျှောစီးအပန်းဖြေစခန်း၏အမှားကြောင့်မဟုတ်ကြောင်း သိရသည်။
- ❒ နာမည်ကြီးစပိန်စက်ဘီးသမား ကွန်တက်ဒါက Tour of Algarve ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ တိုနီမာတင်ကို အနိုင်ယူရန် ပစ်မှတ်ထားလျက်ရှိနေသည်။
- ❒ ဆန်အန်တိုနီယိုစပါး‌စ်အသင်းသည် အသင်းမှပြင်သစ်ဘက်စကတ်ဘောသမား တိုနီပါကားအား Play-off အတွက် ပုံမှန်လက်ကျန်ပွဲစဉ်များတွင် အနားပေးမည်ဖြစ်သည်။
- ❒ ရုရှားရေခဲပြင်စကိတ်စီးသမား ပလူရှန်ကိုသည် ဆိုချီအိုလံပစ်အပြီး အနားယူမည့်အစီအစဉ်ကို ပြောင်းလဲပြီး ၂၀၁၈ အိုလံပစ်တွင်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။
- ❒ အာဂျင်တီးနားတင်းနစ်သမား ဒယ်လ်ပိုထရိုသည် နိုင်ငံအဖွဲ့ချုပ်နှင့် အဆင်မပြေမှုကြောင့် ယခုနှစ် Davis Cupပြိုင်ပွဲတွင် ကစားမည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

## အမျိုးသမီးတင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် လီနာနှင့် ဖုန်စှိုင်တို့ အာရှတိုက်အတွက် မှတ်တမ်းသစ်ရေးထိုး

တရုတ်တင်းနစ်မယ်များဖြစ်သည့် လီနာနှင့် ဖုန်စှိုင်တို့သည် ပြီးခဲ့သည့်တနင်္လာနေ့က တရားဝင်သတင်းထုတ်ပြန်ခဲ့သည့် အမျိုးသမီးတင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အာရှတိုက်အတွက် သမိုင်းမှတ်တမ်းသစ်များ တင်ရှိခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၁၄ ဂရင်းစလင်းအဖွင့် ဩစတြေးလျအိုးပင်းချန်ပီယံဆုကို ရယူထားသည့် လီနာမှာ ကမ္ဘာ့အဆင့်(၂)နေရာသို့ ရောက်ရှိခဲ့ပြီး တစ်ဦးချင်းတွင် အာရှတိုက်ကိုယ်စားပြု အမြင့်ဆုံးရောက်ရှိခဲ့ခြင်းဖြစ်သည်။ လာမည့်လတွင် အသက်(၃၂)နှစ်ပြည့်တော့မည့် လီနာအနေဖြင့် လက်ရှိတွင် ရမှတ်ပေါင်း (၆၆၇၀)မှတ်ရရှိနေပြီး ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဆရီနာဝီလျံ၏ရမှတ်ပေါင်း (၁၂၃၈၀)မှတ်နှင့်မူ များစွာကွာဟလျက်ရှိသည်။ ယခင် ကမ္ဘာ့အဆင့်(၂) အဇာရန်ကာမှာ အဆင့်(၄)နေရာထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။



ဖုန်စှိုင်(ဝဲ)နှင့် လီနာ(ယာ)

ဖုန်စှိုင်မှာမူ နှစ်ယောက်တွဲပြိုင်ပွဲများယှဉ်ပြိုင်နေသည့်သူများထဲတွင် ရမှတ်ပေါင်း (၈၅၅၅)မှတ်ဖြင့် အဆင့်(၁)နေရာသို့ရောက်ရှိခဲ့ပြီး သူမ၏တွဲဖက် ထိုင်ဝမ်တင်းနစ်မယ် ရှဲစူဝေမှာ (၈၄၃၅)မှတ်ဖြင့် ဒုတိယနေရာတွင်ရပ်တည်ခဲ့သည်။

## တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

### ဂေါက်သီး

PGA Tour ပွဲစဉ်ဖြစ်သည့် WGC-Accentur Match Play Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ(၂၀)ရက်နေ့မှ (၂၃)ရက်နေ့အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (၂၉ပေ STAR Sports မှ နံနက်အစောပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)

### တင်းနစ်

ATP Tour ပြိုင်ပွဲ(၃)ပွဲနှင့် WTA Tourပြိုင်ပွဲ(၂)ပွဲတို့ကို ဖေဖော်ဝါရီ(၁၇)ရက်နေ့မှ ဖေဖော်ဝါရီ(၂၃)ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (၂၉ပေ TSP4 ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။)

### ဘက်စကတ်ဘော

၂၀၁၃-၁၄ ရာသီ အမေရိကန်ပရိုဘက်စကတ်ဘောလိဂ် (NBA) ပြိုင်ပွဲ၏ ပုံမှန်ရာသီပွဲစဉ်များကိုယှဉ်ပြိုင်ကစားလျက်ရှိသည်။ (၂၉ပေ TSP3 ရုပ်သံလိုင်းမှ မြန်မာစံတော်ချိန် နံနက်ပိုင်းအချိန်များတွင် တိုက်ရိုက်ပြသလျက်ရှိသည်။)

### အိုလံပစ်

(၂၂)ကြိမ်မြောက်အဖြစ်ကျင်းပသည့် ၂၀၁၄ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ရုရှားနိုင်ငံ၊ ဆိုချီမြို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ(၇)ရက်နေ့မှစတင်ကျင်းပလျက်ရှိပြီး လာမည့် ဖေဖော်ဝါရီလ(၂၃)ရက်နေ့အထိကျင်းပသွားမည်ဖြစ်သည်။

# ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မြန်မာဝင်ရောက်မည်

ဗီယက်နမ်ဘော်လီဘောအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ဗီယက်နမ်ဖိတ်ခေါ်အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို လာမည့် မတ်(၃)ရက်မှ (၁၁)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းပြိုင်ပွဲကို မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို အာရှဒေသတွင်းရှိအသင်းများလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာ ပြိုင်ပွဲဝင်ရန် လာမည့် မတ်(၁)ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်ဖေဖော်ဝါရီ(၁၅)ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်နေလျက်ရှိပြီး ဆီးဂိမ်းစ်ပြိုင်ပွဲဝင်အသင်းကိုအခြေခံကာဖွဲ့စည်းထားခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာအမျိုးသမီးအသင်းကို ဦးညီညီလွင်က နည်းပြချုပ်အဖြစ်တာဝန်ယူကိုင်တွယ်နေလျက်ရှိပြီး ၂၀၁၄ အင်ချွန်းအာရှအားကစားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသောကြောင့် အတွေ့အကြုံကောင်းများရရှိစေရန် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။



ပြီးခဲ့သည့်ဆီးဂိမ်းစ်၌ မြန်မာအမျိုးသမီးဘော်လီဘောအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ် (ဓာတ်ပုံ-စိုးမင်းထိုက်)

## မြန်မာမြားပစ်ကစားသမားနှစ်ဦးဖြစ်သည့် အောင်ငိုမ်းနှင့် စန်းယုထွေးတို့ နည်းပြအဖြစ်ကူးပြောင်း

မြန်မာ့လက်ရွေးစင် မြားပစ်ကစားသမားများဖြစ်သည့် အောင်ငိုမ်းနှင့် စန်းယုထွေးတို့သည် ယခုအခါ ကစားသမားဘဝမှအနားယူပြီးနောက် နည်းပြအဖြစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

အောင်ငိုမ်းသည် ပြီးခဲ့သည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီကတည်းက ယင်းပြိုင်ပွဲမှာ သူ့၏ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲဟု ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။ အောင်ငိုမ်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများရယူပေးခဲ့သူဖြစ်သလို ပြီးခဲ့သည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုရယူပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သူ သင်းသင်းခိုင်မှာလည်းကစားသမားဘဝမှအနားယူခဲ့ပြီဖြစ်သည်။

## စိတ်ဓာတ်ပိုင်း အမြင့်ဆုံးရောက်ရှိနေဟု အဲရစ် သုံးသပ်

ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်ဖြစ်သူ ဩစတြေးလျလူမျိုး အဲရစ်ဝီလျံက မိမိကစားသမားများမှာ စိတ်ဓာတ်ပိုင်း၌ အမြင့်ဆုံးရောက်ရှိနေကြောင်း သုံးသပ်ပြောကြားခဲ့သည်။ အဲရစ်က "ကျွန်တော့်ကစားသမားတွေဟာ ဧယျာဝတီမြေလိုအသင်းကြီးကို ဂိုးပြတ်အနိုင်ရရှိထားတာကြောင့် စိတ်ဓာတ်ပိုင်းမှာ အမြင့်ဆုံးရောက်ရှိနေသလို၊ ယုံကြည်မှုလည်းပိုရှိလာပါတယ်" ဟု ပြောကြားခဲ့သည်။ ရန်ကုန်အသင်းသည် ဖေဖော်ဝါရီ(၂၁)ရက်တွင် MNL ပွဲစဉ်(၄)အဖြစ် ရေဝတီနှင့် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

၂၀၁၄ ခုနှစ်၊ အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို လာမည့်မတ်(၁)ရက်မှ(၅)ရက်အထိ ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်းတွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အလွတ်တန်း အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲ၊ အလွတ်တန်း အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ၊ အသက်(၃၅၊ ၄၅၊ ၆၀)နှစ်အထက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပွဲစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်လိုသူများသည် လာမည့် ဖေဖော်ဝါရီ(၂၆)ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ထံသို့ဆက်သွယ်ရမည်ဖြစ်ကြောင်းသိရသည်။

## ဆီလန်ဂေါနှင့်ပွဲတွင် ကျော်ဇေယျာဝင်း ပြန်လည်ပါဝင်မည်

မလေးရှားစူပါလိဂ်ကလပ် ဝီရတ်အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာယူ-၂၃အသင်းခေါင်းဆောင်ဖြစ်သူ ကျော်ဇေယျာဝင်းသည် ပြီးခဲ့သည့်ဇန်နဝါရီ(၂၉)ရက်ကယှဉ်ပြိုင်ကစားခဲ့သည့် ATM (Armed Forces) နှင့်ပွဲတွင် အနီကတ်ပြစ်ဒဏ်ပြသခံရမှုကြောင့် (၂)ပွဲပယ်ခံခဲ့ရပြီး ယခုအခါ ပွဲပယ်ပြစ်ဒဏ်စေ့သွားပြီဖြစ်၍ လာမည့် မတ်(၈)ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဆီလန်ဂေါနှင့်ပွဲတွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျော်ဇေယျာဝင်းသည် ကီလန်တန်အား(၂-၁)ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲနှင့် ဆာရာဝတ်အား (၀-၁)ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲတို့ကို လွဲချော်ခဲ့ကြောင်း သိရသည်။

# မိမိအားပြန်လည်တောင်းပန်ခဲ့၍ ဇွဲကပင်အသင်းပိုင်ရှင်ကို ခွင့်လွှတ်ကြောင်း လက်ရောက်မှုကျူးလွန်ခံရသူ ကွင်းလယ်ဒိုင်လူကြီး ဦးလှမင်း ပြောကြား

ဇွဲကပင်နှင့် ရတနာပုံအသင်းတို့သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၅)ရက်က ရန်ကုန်မြို့ရှိ အောင်ဆန်းကွင်း၌ MNL ပွဲစဉ်(၃)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲအပြီးတွင် ဇွဲကပင်အသင်းပိုင်ရှင်ဖြစ်သူ ဦးလှဌေးက ယင်းပွဲအား တာဝန်ယူကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး ဦးလှမင်းကို လက်ရောက်မှုကျူးလွန်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL မှ နိုင်လူကြီးတို့တွေ့ဆုံဆွေးနွေးပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၉)ရက်က MFF ရုံးတွင် ပြုလုပ်ခဲ့ပြီး ယင်းတွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသည့် ကွင်းလယ်ဒိုင် ဦးလှမင်းက ဇွဲကပင်အသင်းပိုင်ရှင် ဦးလှဌေးမှာ မိမိအား ပြန်လည်တောင်းပန်ခဲ့၍ ခွင့်လွှတ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၉)ရက်က MFF ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ဒိုင်လူကြီးများတွေ့ဆုံဆွေးနွေးပွဲအပြင် MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အစည်းအဝေးကိုလည်း တစ်ဆက်တည်းပြုလုပ်ခဲ့ကြောင်း သိရသည်။ ကွင်းလယ်ဒိုင်လူကြီး ဦးလှမင်းက "အဲဒီကိစ္စဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဦးလှဌေးက ကျွန်တော့်ကိုရော၊ ကျွန်တော့်မိသားစုကိုပါ တောင်းပန်မှုပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်ကလည်း ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်တဲ့အတွက် တောင်းပန်မှုအပေါ်မှာ လက်မခံနိုင်စရာမရှိပါဘူး။ ကျွန်တော်တို့အားလုံးဟာ Football Family (ဘောလုံးလောက မိသားစုဝင်)တွေဖြစ်တဲ့အတွက် တောင်းပန်မှုကို ကျေနပ်လက်ခံပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဇွဲကပင်အသင်းပိုင်ရှင် ဦးလှဌေးအနေဖြင့် လက်ရောက်မှုကျူးလွန်ခံရသူ ကွင်းလယ်ဒိုင် ဦးလှမင်းနှင့် MFF ထံများသို့ တရားဝင်တောင်းပန်စာများ ရေးသားပေးပို့သွားရန် MFF က စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဇွဲကပင်အသင်းပိုင်ရှင်ဖြစ်သူ ဦးလှဌေးသည် ဇွဲကပင်(၁-၂)ရတနာပုံပွဲအပြီးတွင် ပွဲကြည့်စင်မှ ကွင်းအတွင်းသို့ဆင်း၍ ကွင်းပြင်ပသို့ပြန်ထွက်လာသည့် ကွင်းလယ်ဒိုင်လူကြီး ဦးလှမင်း၏မျက်နှာကိုလက်ဖြင့်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

> ဇွဲကပင်အသင်းပိုင်ရှင် ဦးလှဌေးအနေဖြင့် လက်ရောက်မှုကျူးလွန်ခံရသူ ကွင်းလယ်ဒိုင် ဦးလှမင်းနှင့် MFF ထံများသို့ တရားဝင်တောင်းပန်စာများ ရေးသားပေးပို့သွားရန် MFF က စီစဉ်ဆောင်ရွက်သွားမည်ဖြစ်...

MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၉)ရက်က အစည်းအဝေးပြုလုပ်ခဲ့သော်လည်း ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို လာရောက်သတင်းရယူခဲ့သည့်မီဒီယာများအား သတင်းထုတ်ပြန်မှုများပြုလုပ်ခဲ့ခြင်း မရှိကြောင်း သိရသည်။



ကွင်းလယ်ဒိုင်လူကြီး ဦးလှမင်းနှင့် MFF ဥက္ကဋ္ဌတို့အား ဖေဖော်ဝါရီ(၁၉)ရက်က အတူတကွတွေ့ရစဉ် (ဓာတ်ပုံ-သက်ထွန်းအောင်)

Premier … Sports Journal Vol:11 No.26 23, February, 2014




# Jigsaw ရဲ့ နောက်ဆုံးအစိတ်အပိုင်း

ဝေယံအောင်

(Jigsaw)ဂျစ်ဆောဆိုတဲ့ ကစားနည်းတစ်ခုရှိပါတယ်။ တစ်စစီပြန့်ကျဲနေတဲ့ အစိတ်အပိုင်းလေးတွေကို သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်အောင် နေရာချဆက်စပ်ပြီး သတ်မှတ်ထားတဲ့ ရုပ်ပုံတစ်ခု ဖြစ်လာအောင် ပြုလုပ်ရတဲ့ကစားနည်းပါ။ ဒါက ဘောလုံးလောကမှာ နည်းပြတွေအတွက် အသင်းတစ်သင်းတည်ဆောက်ရတာနဲ့လည်း တူညီပါတယ်။ နည်းပြအတွက်တော့ ကစားသမားတွေဟာ ရုပ်ပုံကားချပ်ရဲ့ အစိတ်အပိုင်းလေးတွေလိုပါပဲ။ သူ့နေရာနဲ့သူ မှန်ကန်အောင် နေရာချနိုင်မှ ပြီးပြည့်စုံတဲ့အသင်းတစ်သင်းအဖြစ် ဖန်တီးနိုင်မှာပါ။ အောင်မြင်တဲ့ အသင်းတစ်သင်းအဖြစ် ပုံဖော်နိုင်မှာပါ။ ဂျစ်ဆောကစားနည်းနဲ့ နည်းပြတွေရဲ့အသင်းတည်ဆောက်မှုမှာ ခြားနားတာတစ်ခုတော့ ရှိပါတယ်။ ဂျစ်ဆောမှာက ရုပ်ပုံကားချပ်အတွက် လိုအပ်တဲ့ အစိတ်အပိုင်းအားလုံး အပြည့်အစုံပေးထားပေမယ့် ဘောလုံးအသင်းမှာတော့ ရှိနေတဲ့ကစားသမားတွေ လုံလောက်မှုရှိမရှိကို နည်းပြတွေကဆုံးဖြတ်ပြီး လိုအပ်ရင် လိုတဲ့ အစိတ်အပိုင်းကို ရှာဖွေဖြည့်တင်းရတာပါ။ ဒီတော့ ကစားသမားသစ်ခေါ်ယူခြင်း ဆိုတာက နည်းပြတွေအတွက် ဂျစ်ဆောကစားရာမှာ နောက်ဆုံးအစိတ်အပိုင်းကို ဆက်ကစားခြင်းလို့လည်း ဆိုနိုင်ပါတယ်။

ဘယ်နည်းပြက ဂျစ်ဆောရဲ့နောက်ဆုံးအစိတ်အပိုင်းကို မှန်ကန်အောင် ရွေးချယ်နိုင်ခဲ့သလဲဆိုတဲ့မေးခွန်းက ဘောလုံးရာသီရဲ့ နောက်ဆုံး (၃)ပုံတစ်ပုံ အပိုင်းအခြားကို ရောက်လာပြီဖြစ်တဲ့ အခုလိုအချိန်မှာ ပိုပြီးစိတ်ဝင်စားစရာကောင်းလာပါတယ်။ အထူးသဖြင့် လက်ကျန်ပွဲစဉ် တစ်ဒါဇင်သာရှိတော့တဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲကို လေ့လာကြည့်ရင် နီးစပ်တဲ့အဖြေကို ရရှိနိုင်ပါပြီ။ ပရီးမီးယားလိဂ်က တခြားလိဂ်တွေထက် အပြောင်းအရွှေ့မှာ ငွေပိုသုံးထားတာကြောင့် ကစားသမားသစ်အားဖြည့်မှုရဲ့ အမှန်၊ အမှားကို ဆန်းစစ်ကြည့်ဖို့လည်း ပိုပြီးသင့်တော်မှာပါ။ အရင်ဆုံး လက်ရှိချန်ပီယံ မန်ယူအသင်းကို ကြည့်မယ်ဆိုပါစို့။ နည်းပြသစ်မိုယက်စ်က နောက်ပိုင်းမှာ အပြောင်းအရွှေ့လုပ်ရှားမှုတွေကို စိတ်တိုင်းကျဆောင်ရွက်ခဲ့ရခြင်းမရှိဘူးလို့ အကြောင်းပြချက်ပေးခဲ့ပေမယ့် ဖာဂူဆန်လက်ထက် ချန်ပီယံဆုယူခဲ့တဲ့မန်ယူအသင်းရဲ့လူစာရင်းဟာ သူ့လက်ထက်မှာ ဘာမှလျော့မသွားခဲ့သလို၊ ခေါ်ယူခဲ့တဲ့ကစားသမားကလည်း အသင်းဟောင်းအဲဗာတန်မှာ သူအားကိုးခဲ့တဲ့ ဖယ်လေနီဖြစ်နေပါတယ်။ ဒါကြောင့် သူ့ရဲ့အကြောင်းပြချက်ကို လက်ခံနိုင်ဖို့တော့ ခက်ပါတယ်။ ခေါ်ချင်တဲ့ကစားသမား မရခဲ့ဘူးဆိုရင်တောင် ဖယ်လေနီရောက်လာတာဟာ အပေါင်းပါပဲ။ ဒါပေမဲ့ ကံမကောင်းစွာနဲ့ပဲ မှန်ကန်တဲ့အစိတ်အပိုင်းတစ်ခုတော့ ဖြစ်မလာခဲ့ပါဘူး။ မန်ယူရဲ့ကစားကွက်ထဲမှာ ဖယ်လေနီဟာ အံဝင်ခွင်ကျဖြစ်မလာခဲ့တာကြောင့် မိုယက်စ်ကစားရတဲ့ ဂျစ်ဆောကလည်း ပြည့်စုံတဲ့အရုပ်တစ်ရုပ်အဖြစ် ပုံပေါ်မလာခဲ့ပါဘူး။ ချန်ပီယံပြေးလမ်းရဲ့အဝေးကို စောစောစီးစီး ရောက်သွားခဲ့ရပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် အဆင့်(၄)နေရာက လီဗာပူးလ်နဲ့တောင် (၁၁)မှတ်ပြတ်သွားတဲ့အခြေအနေပါ။ မိုယက်စ်က အသင်းရဲ့သိက္ခာကိုဆယ်ဖို့ ဇန်နဝါရီအပြောင်းအရွှေ့မှာ နောက်တစ်ကြိမ်ကြိုးစားပြန်ပါတယ်။ ချယ်လ်ဆီးကွင်းလယ်ကစားသမားမာတာကို ခေါ်ယူလိုက်တာပါ။ မာတာက ဖယ်လေနီထက် ပိုအားကိုးရသူဖြစ်ကြောင်း ပြသနိုင်ခဲ့ပေမယ့် (၄)ပွဲသာကစားရသေးတာကြောင့် အကဲဖြတ်ဖို့တော့ မလွယ်သေးပါဘူး။ မိုယက်စ်ရဲ့ ဒုတိယအကြိမ်ကြိုးစားမှု မှန်ကန်မလားဆိုတာကိုတော့ ရာသီကုန်ရပ်တည်မှုနဲ့ပဲ စောင့်ကြည့်ရမှာပါ။

လက်ရှိ ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ကြည့်လိုက်ရင် ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူးလ်နဲ့ စပါးတို့ (၁)ကနေ (၅)အထိ အစဉ်လိုက်ရပ်တည်နေပြီး ခြားနားတဲ့အမှတ်ပမာဏကလည်း (၇)မှတ်ပဲရှိပါတယ်။ အဆင့်(၆)နေရာက အဲဗာတန်က စပါးနဲ့တောင် (၅)မှတ်ကွာနေပါတယ်။ ဒီတော့ အကြမ်းအားဖြင့် ထိပ်ဆုံး(၅)သင်းသာ ချန်ပီယံဆုအတွက် မျှော်လင့်နိုင်ခြေရှိပြီး အောင်မြင်တဲ့အသင်းတွေလို့ သတ်မှတ်နိုင်ပါလိမ့်မယ်။ ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်းက နွေရာသီအပြောင်းအရွှေ့မှာရော ဆောင်းရာသီအပြောင်းအရွှေ့မှာပါ ကစားသမားသစ်တွေအများကြီးခေါ်ယူအားဖြည့်ခဲ့ပါတယ်။ နည်းပြက ကစားသမားခေါ်ယူတဲ့နေရာမှာ အမှားနည်းတဲ့မော်ရင်ဟိုပါ။ ချယ်လ်ဆီးက တောင့်တင်းပြီးသား အသင်းတစ်သင်းပါ။ ကစားသမားတွေ အများကြီးခေါ်ခဲ့ပေမယ့် နွေရာသီမှာ ကြေးအကြီးဆုံးပေးပြီးခေါ်ယူခဲ့တာက ဝီလီယံ၊ ဆောင်းရာသီမှာ ကြေးအကြီးဆုံးနဲ့ခေါ်ယူခဲ့တာက မာတစ်ပါ။ လက်တွေ့မှာလည်း ဒီနှစ်ဦးက မော်ရင်ဟိုရဲ့ဂျစ်ဆောမှာ နောက်ဆုံးအစိတ်အပိုင်း ဖြည့်တင်းမှုတွေဖြစ်တာ တွေ့ရမှာပါ။ တိုက်စစ်မှူးလိုအပ်ချက်ကို မော်ရင်ဟိုက နည်းဗျူဟာအပြောင်းအလဲနဲ့ ကာလိုက်ပါတယ်။ မန်စီးတီးထက် တစ်ပွဲပိုကစားထားတာကြောင့် ထိပ်ဆုံးရောက်နေတယ်လို့ ဆိုနိုင်ပေမယ့် မန်စီးတီးကို (၃)မှတ်ပေါင်းပေးလိုက်ရင်လည်း ချယ်လ်ဆီးက မန်စီးတီးနဲ့အမှတ်တူဖြစ်နေဦးမှာပါပဲ။ ဒါကြောင့် ခေါ်ထားတဲ့ကစားသမားအများကြီးထဲက ရွေးချယ်ရတာကြောင့်လို့ပဲဆိုဆို မော်ရင်ဟိုက လိုနေတဲ့အစိတ်အပိုင်းကို ရွေးချယ်နိုင်ခဲ့တာတော့ အမှန်ပါ။

မန်စီးတီးအသင်းကလည်း ကစားသမားသစ်(၅)ဦးခေါ်ယူခဲ့ပါတယ်။ ဖာနန်ဒင်ဟို၊ နာဗတ်စ်၊ နီဂရီဒို၊ ယိုဗီတစ်နဲ့ ဒီမစ်ချယ်လစ်တို့ပါ။ မန်စီးတီးကတော့ ချယ်လ်ဆီးထက်တောင် ကစားသမားအင်အားပိုင်းမှာ တောင့်တင်းတဲ့အသင်းဖြစ်ပြီး ပရီးမီးယားလိဂ်မှာသာမက ဥရောပအထိ ထိုးဖောက်နိုင်ဖို့ ကစားသမားသစ်တွေ အားဖြည့်ခဲ့တာဖြစ်ပါတယ်။ ကစားသမားသစ်တွေပိုလျှံသလိုဖြစ်သွားတာကြောင့် အလဲအလှယ်လုပ် သုံးစွဲတာတွေရပေမယ့် ပြိုင်ပွဲကာလကြာမြင့်လာတာနဲ့အမျှ ဖာနန်ဒင်ဟို၊ နီဂရီဒို၊ နာဗတ်စ်တို့က အမာခံကစားသမားတွေဖြစ်လာခဲ့ပါတယ်။ ပြိုင်ဘက်နည်းပြမော်ရင်ဟိုကိုယ်တိုင်က ချန်ပီယံဆုအတွက် အလားအလာအကောင်းဆုံးအသင်းပါလို့ ဝန်ခံထားရတဲ့မန်စီးတီးအသင်းကိုတော့ အထူးတလည်ညွှန်းဆိုနေစရာမလိုတော့ပါဘူး။ ချန်ပီယံလိဂ်မှာ အစဉ်အလာကြီးတဲ့ဘာစီလိုနာကို မယှဉ်နိုင်ခဲ့ပေမယ့် ပြည်တွင်းပြိုင်ပွဲ(၃)ရပ်စလုံးမှာ ချန်ပီယံဆုတွေအတွက် ရေပန်းအစားဆုံးအသင်းအဖြစ် ရပ်တည်နေတာပါ။ ဒီအခြေအနေအတွက် ကစားသမားသစ်တွေရဲ့ အထောက်အပံ့က အရေးပါတဲ့နေရာမှာရှိခဲ့တာကြောင့် ပယ်လီဂရီနီဟာလည်း မော်ရင်ဟိုနည်းတူ အောင်မြင်ခဲ့သူလို့ ဆိုရမှာပါ။

လီဗာပူးလ်နည်းပြ ဘရန်ဒန်ရော်ဂျာကိုတော့ ဂိုးသမားမစ်ဂနိုလက်ကို ခေါ်ယူမှုနဲ့ အမှတ်ပေးရမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ခေတ်မှာ ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းမရှိတော့တဲ့ လီဗာပူးလ်အသင်းကို ဘရန်ဒန်ရော်ဂျာက ပြန်တည်ဆောက်ပေးနေရတဲ့အချိန်ပဲ ရှိသေးတာပါ။ တိုက်စစ်မှာ ဆွာရက်ဇ်နဲ့ စတာရစ်ချ်အတွဲ အကောင်းဆုံးဖြစ်လာပေမယ့် ကျန်တဲ့အပိုင်းတွေကတော့ အားဖြည့်စရာအများကြီးရှိခဲ့ပါတယ်။ ဒီလိုအနေအထားမှာ ဂိုးသမားရိန်နာကလည်း အသင်းကထွက်သွားခဲ့ပါတယ်။ ဘရန်ဒန်ရော်ဂျာက အလိုအပ်ဆုံးနေရာဖြစ်တဲ့ ဂိုးသမားနေရာအတွက် ဆန်းဒါးလန်းက မစ်ဂနိုလက်ကို အရခေါ်ယူခဲ့ပါတယ်။ မစ်ဂနိုလက်က ပရီးမီးယားလိဂ်(၂၆)ပွဲစလုံး ယုံယုံကြည်ကြည် နေရာပေးလို့ရတဲ့သူဖြစ်လာပါတယ်။ ပေးဂိုး(၃၂)ဂိုးနဲ့ ထိပ်သီးအသင်းတွေထဲမှာ ဂိုးအပေးရဆုံးဖြစ်ခဲ့ပေမယ့် ဒါဟာ နောက်ခံလူတွေရဲ့ အားနည်းချက်ကြောင့်ဖြစ်ပြီး မစ်ဂနိုလက်ဟာ ပွဲတိုင်းလိုလိုမှာ လက်စွမ်းပြနိုင်တဲ့ ဂိုးသမားဖြစ်ခဲ့တာပါ။ ဒါကြောင့် အရင်က ဥရောပဝင်ခွင့်အတွက် ရုန်းကန်ခဲ့ရတဲ့အနေအထားကနေ ချန်ပီယံဆုမျှော်လင့်လို့ရလာတဲ့ လီဗာပူးလ်အသင်းရဲ့ စွမ်းဆောင်မှုမှာ ဘရန်ဒန်ရော်ဂျာရဲ့ ခေါ်ယူမှု အတိုင်းအတာတစ်ခုအထိ မှန်ကန်ခဲ့တယ်လို့ပဲ ဆိုရပါလိမ့်မယ်။ အငှားကစားသမားတွေအပါအဝင် (၈)ဦးခေါ်ယူခဲ့တဲ့အရေးအတွက်နဲ့ ချိန်ထိုးကြည့်ရင်တော့ အောင်မှတ်ပေးဖို့ ခက်ပါတယ်။

စပါးအသင်းကတော့ နည်းပြနှစ်ယောက်ပြောင်းသွားခဲ့တာကြောင့် နှစ်ပိုင်းခွဲပြောဖို့လိုပါလိမ့်မယ်။ ဒါပေမဲ့ ပေါင်သန်း(၁၀၀)လောက် သုံးစွဲခွင့်ရပါလျက်နဲ့ အသင်းကထုတ်ပယ်ခံရတဲ့အထိဖြစ်ခဲ့တဲ့ အရင်နည်းပြဘိုအက်ရှ်ကိုတော့ ကံမကောင်းဘူးလို့ပြောရမှာထက် မှားယွင်းခဲ့တယ်လို့ပဲ သတ်မှတ်ရမှာပါ။ ဘေးလ်အတွက် ရတဲ့ငွေတွေနဲ့ ဘိုအက်ရှ်ပြန်လည်အားဖြည့်ခဲ့တဲ့ ကစားသမားတွေထဲမှာ အဆင်သင့်သုံးစွဲနိုင်ပြီး စင်းလုံးချောအားကိုးလို့ရတဲ့ကစားသမားက မရှိသလောက်ဖြစ်ခဲ့ပါတယ်။ ပေးခဲ့ရတဲ့ကြေးနဲ့ ထိုက်တန်တဲ့စွမ်းဆောင်ရည်ကို ပြန်မရခဲ့တာကြောင့်လည်း ဘိုအက်ရှ် အရှုံးပေးလမ်းခွဲခဲ့ရတာပါ။ နည်းပြသစ်တင်မ်ရှားဝုဒ်လက်ထက်မှာတော့ ကစားသမားသစ် အားဖြည့်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် တင်မ်ရှားဝုဒ်က ပေးထားတဲ့အစိတ်အပိုင်းတွေနဲ့ပဲ ဘိုအက်ရှ်ချန်ထားခဲ့တဲ့ဂျစ်ဆောကို ဆက်ကစားခဲ့ရပါတယ်။ တင်မ်ရှားဝုဒ်က လိုနေတဲ့ကွက်လပ်အတွက် အမှန်ကန်ဆုံးအစိတ်အပိုင်းကို ရွေးချယ်နိုင်ခဲ့ပါတယ်။ ဒါကတော့ တိုက်စစ်မှူးအဒီဘာယောကို နေရာပြန်ပေးခဲ့တာပါ။

နောက်ဆုံးပြောရမှာကတော့ အာစင်ဝင်းဂါးပါ။ ရာသီမစခင်အချိန်က အာစင်ဝင်းဂါးရဲ့ အာဆင်နယ်အသင်းမှာ ဘာနေရာတွေ လိုအပ်သလဲလို့မေးရင်တော့ နေရာစုံပဲလို့ ဖြေမယ့်သူက များနိုင်ပါတယ်။ အာစင်ဝင်းဂါးကလည်း ဂိုးသမားအပါအဝင် ရှေ့၊ လယ်၊ နောက် နေရာစုံ အားဖြည့်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ငင်းသုံးဖို့ကတော့ အိုဇေးလ်နဲ့ ဖလာမီနီ နှစ်ဦးပဲ ပါခဲ့ပါတယ်။ ဖလာမီနီက ကစားသမားဟောင်းလည်းဖြစ်၊ လစာငွေလည်းသက်သာ၊ ပြောင်းရွှေ့ကြေးလည်းမပေးရလို့ ခေါ်ယူခဲ့ခြင်းဖြစ်တာကြောင့် အိုဇေးလ်ကပဲ အာစင်ဝင်းဂါးရဲ့ အဓိကအဆုံးအဖြတ်ရွေးချယ်မှုလို့ ဆိုရမှာပါ။ တကယ်လည်း အာစင်ဝင်းဂါး ခက်ခက်ခဲခဲဆုံးဖြတ်ခဲ့ရတာပါ။ ဘာကြောင့်လဲဆိုတော့ အစဉ်အလာတွေကို ချိုးဖျက်ပြီး စံချိန်တင်ပြောင်းရွှေ့ကြေးပေးခဲ့ရတာကြောင့်ပါ။ ဒါပေမဲ့ ကွင်းတွင်း၊ ကွင်းပြင် အကျိုးသက်ရောက်မှုလည်း အများကြီးရှိခဲ့ပါတယ်။ ငွေမသုံးလို့ ငြိုငြင်နေတဲ့ ပရိသတ်ကို ကျေနပ်စေခဲ့သလို၊ ကစားသမားတွေရဲ့စိတ်ဓာတ်ပိုင်းကိုလည်း မြင့်တက်စေခဲ့ပါတယ်။ အိုဇေးလ်ကလည်း အာစင်ဝင်းဂါးရဲ့ ရွေးချယ်မှုမှန်ကန်ကြောင်း အကောင်းဆုံးခြေစွမ်းနဲ့ သက်သေပြခဲ့ပါတယ်။ အာဆင်နယ်အသင်း အမှတ်ပေးဇယားထိပ်ဆုံးက ဖယ်ပေးလိုက်ရတဲ့နောက်မှာ အိုဇေးလ်ရဲ့ခြေစွမ်းအပေါ် ဝေဖန်မှုတွေ ထွက်ပေါ်လာခဲ့ပေမယ့် အိုဇေးလ်ရဲ့သက်ရောက်မှုတွေကြောင့် အခုလိုအနေအထားအထိ ရောက်ခဲ့တယ်ဆိုတာကိုတော့ ငြင်းလို့မရနိုင်ပါဘူး။ ဘယ်နည်းပြရဲ့ရွေးချယ်မှုက အမှန်ကန်ဆုံးဖြစ်မလဲဆိုတာကိုတော့ လက်ကျန်ပွဲတစ်ဒါဇင်မှာ ဆက်ပြီးရင်ခုန်ကြရမှာပါ။

■

# ကော်လီနာလို ဖြစ်စေချင်တယ်

ကျော်ရင်

"အလယ်ကလူ"ရဲ့ ဆုံးဖြတ်ချက်နဲ့ အငြင်းပွားမှုတွေဆိုတာ ဘောလုံးလောကမှာ တွေ့မြင်နေကျပါ။ ဆုံးဖြတ်ချက်အတွက် နစ်နာမှုရှိမှာက အိမ်ရှင်ဖြစ်နေရင်၊ ပွဲတစ်ပွဲလုံးကို အလှည့်အပြောင်းဖြစ်နိုင်တဲ့ အချိန်အခါမျိုးဆိုရင် ကွင်းလယ်ဒိုင်တွေအတွက် ခက်ခဲလှေ့ရှိပါတယ်။ အမှားနဲ့မကင်းနိုင်တဲ့ ပုထုဇဉ်လူသားထဲက လူသားပဲဖြစ်တဲ့ ကွင်းလယ်ဒိုင်တွေရဲ့ ဆုံးဖြတ်ချက်ဟာလည်း အခါခပ်သိမ်းမှန်ကန်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ဆုံးဖြတ်ချက်ဟာ မှားယွင်းမှုဖြစ်ခဲ့တယ်ဆိုရင်တောင် ရည်ရွယ်ချက်ကင်းဖို့၊ ဘက်လိုက်မှုကင်းဖို့နဲ့ လူသားဆန်တဲ့ မှားယွင်းမှုဖြစ်ဖို့ လိုအပ်ပါတယ်။

ဒီရက်ပိုင်း အင်္ဂလန်က "အလယ်ကလူ" တစ်ဦးဟာ မီဒီယာတွေရဲ့ထိုးနက်မှု၊ ဆုံးဖြတ်ချက်မှာနစ်နာခဲ့ရတဲ့အသင်းရဲ့ ဝေဖန်မှုခံနေရတဲ့အပြင် ပရော်ဖက်ရှင်နယ်အလုပ်နဲ့ စီးပွားရေးမှာပါ ရိုက်ခတ်မှုခံစားနေရပါတယ်။ သူက နာမည်ကျော် ကွင်းလယ်ဒိုင် ဟောင်းဝပ်ဝက်ဘ်ပါ။ ပြီးခဲ့တဲ့ FA ဖလား အာဆင်နယ် ၂-၁ လီဗာပူးလ်ပွဲစဉ်မှာ ဟောင်းဝပ်ဝက်ဘ်က ကွင်းလယ်ဒိုင်အဖြစ်တာဝန်ယူခဲ့ပါတယ်။ ဒီပွဲမှာ သူ့ရဲ့ဆုံးဖြတ်ချက်တွေဟာ အငြင်းပွားစရာအများအပြားဖြစ်ခဲ့တာကြောင့် ပြဿနာတွေက သူ့ဆီကိုလှိမ့်ဝင်လာပါတယ်။ သူက လီဗာပူးလ် (၂-၁)ဂိုးနဲ့ ရှုံးနိမ့်နေချိန်မှာ သေချာပေါက် ပယ်နယ်တီတစ်လုံးကိုခွင့်မပြုခဲ့ဘူး။ တစ်ဖက်မှာလည်း လီဗာပူးလ်ကွင်းလယ်လူ ဂျရတ်ကို ထုတ်ပယ်သင့်ပေမယ့် ပျက်ကွက်ခဲ့ပြန်တယ်။ ဒါကြောင့် Daily Mail က ပင်တိုင်ဆောင်းပါးရှင် ဂရေဟမ်ပူးလ်က "ဟောင်းဝပ်ဝက်ဘ်ရဲ့ အတွေ့အကြုံ၊ မှတ်တမ်းတွေအရ ဒီထက်ကောင်းအောင်လုပ်ခဲ့သင့်တယ်"လို့ ဆောင်းပါးတစ်စောင်ရေးပြီး ဝေဖန်ခဲ့ပါတယ်။ ဒီပွဲအပြီးနောက်တစ်ညမှာပဲ နိုင်ငံရေးဖျော်ဖြေရေးနဲ့ အားကစားနယ်ပယ်က နာမည်ကျော်ပုဂ္ဂိုလ်တွေရဲ့ Profile ကိုဖော်ပြလျက်ရှိတဲ့ comedian.co.uk ဝက်ဘ်ဆိုက်က ဟောင်းဝပ်ဝက်ဘ်ရဲ့ Profile ကို ဖြုတ်ချခဲ့ပါတယ်။ အကြောင်းက ဟောင်းဝပ်ဝက်ဘ်ကို အာရုံစူးစိုက်မှုပျောက်ဆုံးနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေများလာလို့ဖြစ်ပါတယ်။ ဒီအတွက် ဟောင်းဝပ်ဝက်ဘ်ဟာ ပုံမှန်ပေါင်(၂၀၀၀)က(၄၀၀၀)ကြားရရှိနေတဲ့ ဝင်ငွေတစ်ရပ်လျော့ကျသွားခဲ့ရပါတယ်။ ပရီးမီးယားလိဂ်တာဝန်ရှိသူတွေကလည်း FA ဖလားမှာ အမှားများခဲ့တဲ့ သူ့ကိုပြစ်ဒဏ်ချမှတ်ဖို့ သင့်၊ မသင့် စုံစမ်းစစ်ဆေးခဲ့ပြီး နောက်ဆုံးမှာမှ ပုံမှန်အတိုင်းဆက်လက်တာဝန်ပေးဖို့ ဆုံးဖြတ်ခဲ့တာပါ။

တကယ်တော့ ဟောင်းဝပ်ဝက်ဘ်ဆိုတာ ကွင်းလယ်ဒိုင်မျိုးဆက်မှာ အထူးချွန်ဆုံးအဖြစ် သတ်မှတ်ခံထားရတာပါ။ ယော့ခ်ရှိုင်းယားတောင်ပိုင်းရဲ့တစ်ဖွဲ့ရဲ့ တပ်ကြပ်ကြီး ဟောင်းဝပ်ဝက်ဘ်ကို နိုင်ငံတကာဘောလုံးသမိုင်းနဲ့စာရင်းအင်းအဖွဲ့ (IFFHS)က သမိုင်းတစ်လျှောက် အကောင်းဆုံးကွင်းလယ်ဒိုင်အဖြစ်တောင် သတ်မှတ်ထားတာပါ။ သူက ကမ္ဘာ့ဖလားဗိုလ်လုပွဲနဲ့ ဥရောပချန်ပီယံလိဂ်ဗိုလ်လုပွဲကို ကိုင်တွယ်ဖို့တာဝန်ပေးအပ်ခြင်းခံခဲ့ရသူဖြစ်ပြီး ဒီဗိုလ်လုပွဲနှစ်ရပ်စလုံးကို ကိုင်တွယ်ဖူးတဲ့ တစ်ဦးတည်းသောကွင်းလယ်ဒိုင်ဖြစ်ပါတယ်။ သူက ဟိတ်ဟန်ကောင်းတယ်။ ဆွဲဆောင်မှုရှိတယ်။ ဖျော်ဖြေမှုပေးနိုင်တယ်။ သမာသမတ်ရှိတဲ့ ဒိုင်လူကြီးအဖြစ်သတ်မှတ်ခံထားရတယ်။ ဒါကြောင့် ကိုင်တွယ်ရခက်ခဲပြီး ဖိအားများတဲ့ပွဲတွေကို သူ့ဆီအပ်နှံလေ့ရှိပါတယ်။ လာမယ့် ၂၀၁၄ ဘရာဇီးလ် ကမ္ဘာ့ဖလားမှာလည်း အင်္ဂလန်ကိုယ်စားပြု ဒိုင်လူကြီးအဖြစ် ရွေးချယ်ခြင်းခံထားရသူပါ။ ဒါပေမဲ့ သူက ၂၀၁၀ ကမ္ဘာ့ဖလားကို ကိုင်တွယ်ခဲ့ပြီးနောက်ပိုင်း ဆုံးဖြတ်ချက်တွေမှာ ပြဿနာရှိလာတယ်လို့ မြင်လာကြပါတယ်။ ဗြိတိန်ထုတ် Telegraph ရဲ့ ဆောင်းပါးရှင် ယောနသန်လူးကတော့ ဟောင်းဝပ်ဝက်ဘ်ရဲ့ပြောင်းလဲလာမှုကို အချက်အလက်တွေနဲ့ ဖော်ပြလာပါတယ်။

ကမ္ဘာ့ဖလားမတိုင်ခင် ဟောင်းဝပ်ဝက်ဘ်ရဲ့ ပယ်နယ်တီပေးမှုအပိုင်းတွေကိုလေ့လာကြည့်ရင် အိမ်ရှင်-ဧည့်သည် အချိုးကအများကြီးမကွာပါဘူး။ (၅၇-၄၃)ဆိုတော့ မျှတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားနောက်ပိုင်း ပယ်နယ်တီပေးမှုတွေဟာ အိမ်ရှင်ဘက်ကို တစ်ဖက်စောင်းနင်းဖြစ်လာပြီး (၆၅-၃၅)ဖြစ်လာပါတယ်။ အိမ်ရှင်ကို အခွင့်အရေးပိုပေးလာရုံမက ဧည့်သည်အသင်းရဲ့ အခွင့်အရေးကို ငြင်းပယ်မှုလည်း များလာတာပါ။ ပရီးမီးယားလိဂ်ရဲ့ အိမ်ရှင်-ဧည့်သည် ပယ်နယ်တီရရှိမှုအချိုးက (၆၀-၄၀) ဖြစ်ပြီး ဒါနဲ့နှိုင်းယှဉ်ရင်လည်း ဟောင်းဝပ်ဝက်ဘ်ရဲ့ ဆုံးဖြတ်ချက်တွေဟာ အိမ်ရှင်ဘက်ကို ယိုင်နေတယ်ဆိုတာတွေ့ရမှာပါ။ အနီကတ်ပြသမှု အပိုင်းမှာလည်း ကမ္ဘာ့ဖလားမတိုင်ခင်က (၃၈-၆၂)ပါ။ ပရီးမီးယားလိဂ်ရဲ့ ပျမ်းမျှက (၄၀-၆၀)ဆိုတော့ အဲဒီအချိန်က ဟောင်းဝပ်ဝက်ဘ်ရဲ့ဆုံးဖြတ်ချက်တွေက လက်ခံနိုင်တဲ့ အနေအထားမှာရှိခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားနောက်ပိုင်းမှာတော့ (၃၆-၆၄)ဖြစ်သွားပြီး အနီကတ်ပြသမှုမှာလည်း အိမ်ရှင်ကိုမျက်နှာသာပိုပေးလာတာ တွေ့ရပါတယ်။

FA ဖလားမှာ လီဗာပူးလ်ရသင့်တဲ့ပယ်နယ်တီကိုငြင်းပယ်ခဲ့တာကြောင့် ဟောင်းဝပ်ဝက်ဘ်ဝေဖန်ခြင်းခံနေရတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားနောက်ပိုင်း သူ့ရဲ့မှတ်တမ်းတွေကိုပြန်ကြည့်ရင် ဒီလိုဆုံးဖြတ်ချက်မျိုးကို ကျူးလွန်နေကျဆိုတာတွေ့ရပါတယ်။ ဟောင်းဝပ်ဝက်ဘ်ဟာ ပွဲတစ်ပွဲရဲ့ နောက်ဆုံးမိနစ်(၃၀)သာကျန်ရှိတော့တဲ့ အချိန်ဖြစ်နေမယ်ဆိုရင်၊ ပွဲကလည်း အလှည့်အပြောင်းဖြစ်သွားနိုင်မယ်ဆိုရင် ပယ်နယ်တီအခွင့်အရေးကို ငြင်းပယ်လေ့ရှိတဲ့သူဆိုတာတွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးနဲ့ထပ်တူကျနေချိန်မှာ သူပယ်နယ်တီပေးခဲ့တာ (၁)ကြိမ်သာရှိခဲ့တာပါ။ ဒါပေမဲ့ ပွဲရဲ့အခြေအနေက ပယ်နယ်တီကြောင့် အလှည့်အပြောင်းမဖြစ်နိုင်ဘူးဆိုရင်တော့ ခွင့်ပြုတတ်တာ (၁၀)ကြိမ်ရှိခဲ့တာပါ။ ဒါကြောင့် ပွဲတစ်ပွဲရဲ့ နောက်ဆုံးမိနစ်(၃၀)ပယ်နယ်တီခွင့်ပြုခဲ့မှုတွေကိုလေ့လာပြီး ပွဲအဖြေကိုပြောင်းလဲနိုင်ချိန်-မပြောင်းလဲနိုင်ချိန် အချိုးကိုတွက်ကြည့်ရင် (၉-၉၁)ဆိုတဲ့ အဖြေကိုရပါတယ်။ ဒါကို ပရီးမီးယားလိဂ်ရဲ့ပျမ်းမျှ(၅၄-၄၆)နဲ့ နှိုင်းယှဉ်ကြည့်ရင် ဟောင်းဝပ်ဝက်ဘ်ရဲ့ဆုံးဖြတ်ချက်တွေမှာ ပြဿနာရှိနေတယ်ဆိုတာတွေ့ရမှာပါ။

တကယ်တော့ ပွဲအဖြေကိုပြောင်းလဲသွားနိုင်တဲ့ ပယ်နယ်တီမျိုးကိုခွင့်ပြုဖို့ ဒိုင်လူကြီးတွေအတွက်ဆုံးဖြတ်ရခက်ပါတယ်။ ဒါက ဘောလုံးမှာတင်မကဘဲ ဘက်စကက်ဘော၊ ဘော့စ်ဘော၊ မှုဆယ်အားကစားနည်းတွေမှာလည်း တွေ့ရတယ်လို့ သုတေသီတွေက ဆိုပါတယ်။ ဆုံးဖြတ်ချက်က ပွဲအဖြေကိုပြောင်းလဲသွားနိုင်တယ်ဆိုရင် ဒိုင်လူကြီးတွေဟာ ပယ်နယ်တီပေးဖို့ပျက်ကွက်သွားတတ်ကြတယ်လို့ ဆိုပါတယ်။ သီအိုရီအရလည်းပွဲကြီး ပွဲကောင်းတွေမှာ ဒိုင်လူကြီးဟာ ဝီစီမှုတ်လိုက်မယ့်အစား ပြန်လည်မြိုသိပ်သွားတတ်လေ့ရှိပါတယ်။ "လုပ်သင့်တာကို လုပ်ဖို့ပျက်ကွက်တာက မလုပ်သင့်တာကို လုပ်မိတာထက်ပိုကောင်းတယ်" ဆိုတဲ့အတွေးအခေါ် ဒိုင်လူကြီးကိုလွှမ်းမိုးနေလို့ဖြစ်ပါတယ်။ ဒါကိုစိတ်ပညာအရ Omission bias လို့သိရပါတယ်။ ဒီလိုဒိုင်တွေမှာ အမှားလုပ်မိမှာ စိုးရိမ်မှုလွှမ်းကဲနေတာမျိုးဖြစ်တတ်ပြီး ဒါကိုဟောင်းဝပ်ဝက်ဘ်လို နာမည်ကျော်ဒိုင်လူကြီးမှာ တွေ့နေရတာက အံ့အားသင့်စရာပါ။

ဟောင်းဝပ်ဝက်ဘ်ရဲ့ ဆုံးဖြတ်ချက်တွေက ဘက်လိုက်မှုရှိနေတယ်လို့ ဆိုလိုတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ သူဟာ နာမည်ကြီးလာတဲ့နောက်မှာ စိုးရိမ်မှုများလာတယ်။ မန်ယူဒိုင်လို့ ဝေဖန်ခံရဖူးတဲ့သူက နောက်တစ်ကြိမ်ဝေဖန်မှုနဲ့ရင်ဆိုင်ရမှာစိုးရိမ်နေတယ်။ ဒါကြောင့် ၂၀၁၄ နှစ်သစ်ကူးမှာကစားခဲ့တဲ့ မန်ယူ-စပါးပွဲစဉ်မှာ မန်ယူကစားသမားအက်ရှ်လေယန်းကို စပါးဂိုးသမားဟူဂိုလိုရစ်ဆွဲလှဲတဲ့ သေချာပေါက် ပယ်နယ်တီကိုပေးဖို့ ငြင်းဆန်ခဲ့တယ်။ ဒါတောင် သူဟာ အိမ်ရှင်ကို တစ်ဖက်စောင်းနင်းပယ်နယ်တီပေးနေတယ်လို့ မှတ်တမ်းတွေကဆိုနေတဲ့ အချိန်မှာဖြစ်ပါတယ်။ အခုလည်းသူဟာ လီဗာပူးလ်ရဲ့ပယ်နယ်တီကို ငြင်းပယ်ခဲ့တာကြောင့်ဝေဖန်ခံနေရတယ်။ အကယ်၍ သူသာစိုးရိမ်စိတ်တွေကိုမဖျောက်ဘူးဆိုပါစို့။ နောက်တစ်ကြိမ်အခွင့်အရေးပြန်ကြုံရင် လီဗာပူးလ်ကိုလွယ်လွယ်နဲ့ ပယ်နယ်တီပေးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးလ်ပရိသတ်သာမက အခြားပရိသတ်တွေကလည်း ဟောင်းဝပ်ဝက်ဘ်အနေနဲ့ လီဗာပူးလ်ပွဲစဉ်တွေကို ကိုင်တွယ်ဖို့မသင့်တော့ဘူးလို့ သုံးသပ်နေကြပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ကိုင်တွယ်ခွင့်ရခဲ့တာဟာ ဟောင်းဝပ်ဝက်ဘ်အတွက်ဆုလာဘ်တစ်ခုပါ။ ဒါပေမဲ့ အဲဒီနောက်ပိုင်း သူဟာ ကစားပွဲကိုလွှမ်းမိုးနိုင်ခြင်းမရှိမှာ စိုးရိမ်မှုလွှမ်းကဲနေပါတယ်။ အိမ်ရှင်ကို ပယ်နယ်တီပိုပေးတယ်။ အိမ်ရှင်ကို အနီကတ်ပြတာလျှော့တယ်။ အခြားတစ်ဖက်မှာ ဧည့်သည်ကို ဖိနှိပ်တဲ့သဘောဖြစ်နေတယ်။ (၅၀-၅၀)အခွင့်အရေးတွေမှာ ဆုံးဖြတ်ချက် ပြတ်သားမှုမရှိတော့ဘဲ မှန်ကန်တိကျမှုအားနည်းလာပါတယ်။ ဒီဝေဖန်ချက်တွေဟာ ဟောင်းဝပ်ဝက်ဘ်ကို မလိုလားလို့ အဆင်း ဝိုင်းတွန်းနေတာမဟုတ်ပါဘူး။ ဟောင်းဝပ်ဝက်ဘ်ရဲ့ အမှားတွေဟာ လူသားဆန်တဲ့အမှားတွေပါ။ ဒါပေမဲ့ ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ဒိုင်လို့ သတ်မှတ်ခံထားရတဲ့သူကို ကမ္ဘာ့အကောင်းဆုံးအရည်အချင်းနဲ့မြင်တွေ့ချင်ပါတယ်။ ကျွန်တော်တို့ဟာ ဟောင်းဝပ်ဝက်ဘ်ကို ကော်လီနာလို ဖြစ်စေချင်ကြပါတယ်။



Photo: AFP, PA





| ဟောင်းဝပ်ဝက်ဘ်နှင့် ပရီးမီးယားလိဂ်ဒိုင်များ၏ မိနစ်အလိုက်ပယ်နယ်တီပေးမှုနှိုင်းယှဉ်ချက် | | |
|---|---|---|
| အချိန်(မိနစ်) | ဝက်ဘ် | ဒိုင်များ။ |
| ၀-၁၅ | ၁၂.၅ % | ၁၁.၂% |
| ၁၆-၃၀ | ၁၂.၅% | ၁၄.၈% |
| ၃၀-၄၅ | ၁၆.၇% | ၁၇.၇% |
| ၄၆-၆၀ | ၁၂.၅% | ၁၃.၆% |
| ၆၁-၇၅ | ၂၉.၂% | ၁၈.၈% |
| ၇၆-၉၀ | ၁၆.၇% | ၂၃.၉% |

Premier Eleven Sports Journal Vol:11 No.26 23, February, 2014

# နဒါးလ်ရဲ့ အောင်မြင်တဲ့ဘဝ ရိုးရှင်းတဲ့ဘဝ

ဒီးဒီး

နဒါးလ်က တစ်ခုခုကို သူလုပ်နိုင်စွမ်းမရှိဘူးဆိုတာ မယုံတဲ့သူ။ အဲဒီယုံကြည်မှုနဲ့ပဲ သူ့ရဲ့အောင်မြင်မှုတွေကို တည်ဆောက်ထားတယ်။ ပြီးခဲ့တဲ့ (၂၀၁၃)ကို ပြန်ကြည့်ပါ။ သူ့ရဲ့ အအောင်မြင်ဆုံးနှစ်တော့မဟုတ်ဘူး။ ဒါပေမဲ့ လေးစားစရာအကောင်းဆုံး၊ စိတ်ဝင်စားစရာ အကောင်းဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့တယ်။ ခန္ဓာကိုယ်ကို အားပြုရလွန်းတဲ့ အားကစားနည်းမှာ သူပြင်းထန်တဲ့ ဒဏ်ရာနဲ့ တင်းနစ်လောကကနေ ဘေးထွက်ထိုင်ခဲ့ရတယ်။ ပြန်လာတဲ့ အချိန်မှာလည်း အောင်မြင်မှုတွေအများကြီးရအောင်ပြန်ယူနိုင်ခဲ့တယ်။ ပြိုင်ပွဲ(၁၄)ပွဲမှာ (၁၀)ကြိမ် ချန်ပီယံဖြစ်ခဲ့တယ်။ ဂျိုကိုဗစ်ကို လွှဲပေးလိုက်ရတဲ့ ကမ္ဘာ့အဆင့် (၁)နေရာကို ပြန်ယူနိုင်ခဲ့တယ်။ သူဘာကြောင့် ဂရင်းစလင်း(၁၃)လုံးယူထားတာလဲ။ ပြီးတော့ သူဘာကြောင့် အောင်မြင်တဲ့ဘဝတစ်ခုကို တည်ဆောက်ထားနိုင်တာလဲဆိုတာ ဒီဆောင်းပါးမှာ ဖော်ပြသွားပါမယ်။

"ခင်ဗျားဘာကို မယုံကြည်ဘူးလဲ"၊ ဒီမေးခွန်းကို သိမ်းစ်မြစ်ထဲမှာ မော်တော်စီးရင်း Interviewer တစ်ယောက်ကမေးတယ်။ အချိန်က သန်းခေါင်ယံဖြစ်နေပြီ။ "ချီးကျူးထောပနာပြုမှုတွေနဲ့ အောင်မြင်မှုတွေကို ကျွန်တော် မယုံကြည်ဘူး။ ဒါတွေက အကြောင်းအရာတစ်ခုကြောင့် ဖြစ်တည်နေတာဖြစ်ပြီး၊ တစ်ချိန်ချိန်မှာ ပျက်သုဉ်းသွားလိမ့်မယ်။ ပြီးတော့ တစ်ခုခုကို ကျွန်တော်မလုပ်နိုင်ဘူးဆိုတာကို မလုပ်ကြည့်ရသေးဘဲ ယုံကြည်လေ့မရှိဘူး" လို့ နဒါးလ်က ပြန်ပြောတယ်။ "ဒါဆိုရင် ခင်ဗျားဘာကို ယုံကြည်လဲ"။ ထပ်မေးတော့ "ရိုးရှင်းတဲ့ ဘဝနဲ့ နေထိုင်မှုပုံစံက ကျွန်တော့်ကို စိတ်ချမ်းသာမှုပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်"တဲ့။

ပြီးတော့အဝေးကိုငေးကြည့်နေရင်း သူက ချိန်ချိန်ဆဆလေးထပ်ပြောတယ်။ "အောင်မြင်မှုက တစ်ချိန်ချိန်မှာ ရပ်တန့်သွားလိမ့်မယ်။ ဂုဏ်သိက္ခာကတော့ ဘယ်တော့မှရပ်တန့်မှာ မဟုတ်ဘူး။ ကျွန်တော် ရော်ဂျာ(ဖက်ဒါရာ)လို အားကစားသမားဖြစ်ချင်တယ်"။

နိမ့်ချတတ်တဲ့ စိတ်က ဟန်ဆောင်ဖြစ်တည်နေတာမဟုတ်ဘူး။ နဒါးလ်ရဲ့ ပြင်ပဘဝပုံစံကို ကွင်းထဲက စရိုက်နဲ့ နှိုင်းယှဉ်သုံးသပ်ရင် မှားသွားလိမ့်မယ်။ သူက စွပ်ကျယ်တစ်ထည်၊ ဂျင်းဘောင်းဘီတစ်ထည်၊ ငွေသားအနည်းငယ်နဲ့ တစ်နေ့တာဘဝကို ဖြတ်သန်းတတ်သူဖြစ်ပါတယ်။ နဒါးလ်ရဲ့ ပုံစံက အမြဲတမ်းမဝံ့မရဲဖြစ်နေတတ်တယ်။ ရုပ်သံအစီအစဉ်တစ်ခုဖြစ်ဖြစ်၊ အင်တာဗျူးတစ်ခုဖြစ်ဖြစ်၊ ဒါမှမဟုတ် ပြိုင်ပွဲကြီးတစ်ပွဲမှာ အားမာန်အပြည့်နဲ့ ဗိုလ်စွဲအပြီး နာရီပိုင်းအကြာမှာလုပ်တဲ့ ဆုပေးပွဲအခမ်းအနားမှာပဲ ဖြစ်ဖြစ် သူဟာ လူတွေသတ်မှတ်ထားတဲ့ နဒါးလ်မဟုတ်တော့ဘူး။

နဒါးလ်လန်ဒန်ကိုရောက်တိုင်း သိမ်းစ်မြစ်ထဲမှာ လေ့စီးလေ့ရှိတယ်။ ညဘက်တွေမှာ ရွှေးစီးတယ်။ ပြီးမှ သူတည်းခိုတဲ့ဟိုတယ်ကိုပြန်တယ်။ ဒီဟိုတယ်က လန်ဒန်မြို့ရဲ့ အရှေ့တောင်ဘက်၊ ပါလီမန်အဆောက်အဦးရဲ့ မျက်နှာချင်းဆိုင်မှာရှိတယ်။ ATP World Tour Final မှာ သူ ဂျိုကိုဗစ်ကိုရှုံးခဲ့တယ်။ ဩစတြေးလျအိုးပင်းဗိုလ်လုပွဲမှာ ဝေါရင်ကာ ကိုရှုံးခဲ့တယ်။ ဘယ်လို ခံစားရလဲဆိုတဲ့ အပေါ်မှာ "ကျွန်တော်ချည်းပဲ အမြဲနိုင်နေရင် ဒီကစားနည်းရဲ့ ခမ်းနားမှုက ပျက်စီးသွားလိမ့်မယ်။ ဒီလိုပါပဲ၊ ပုံမှန်ဖြစ်စဉ်တစ်ခုလို့ပဲ ကျွန်တော်ယူဆပါတယ်"။

ဂျိုကိုဗစ်က နဒါးလ်ရဲ့ အခက်ခဲဆုံးပြိုင်ဘက်အဖြစ် ဖက်ဒါရာနေရာကိုဆက်ခံသူဖြစ်ပါတယ်။ ဂျိုကိုဗစ်ကို ရှုံးပြီးပြီးချင်း ဂျာနယ်လစ်တွေနဲ့ တွေ့တော့ "နိုဗက်နဲ့ တွေ့ရင် လက်ကောင်းရုံတင်မဟုတ်ဘူး။ ကံလည်းကောင်းမှ၊ လမိုင်းလည်းကပ်မှ နိုင်လိမ့်မယ်။ သူက တင်းနစ်လောကရဲ့ စံပြကစားသမားပါ"လို့ ချီးကျူးခဲ့တယ်။

အောင်မြင်တဲ့ လူသားတစ်ဦးရဲ့ ဘဝမှာ သူလည်း အရှုံးကိုတော့ မုန်းပါတယ်။ အရှုံးက သူ့ကို နာကျင်စေပါတယ်။ ဒါပေမဲ့ ဒီကစားနည်းအတွက်ကျတော့ သူပဲဖြစ်ဖြစ်၊ ဂျိုကိုဗစ်ပဲဖြစ်ဖြစ်၊ ဖက်ဒါရာပဲဖြစ်ဖြစ် ရှုံးနေဖို့တော့လိုတယ်လို့ပြောတယ်။ ဘယ်အချိန်တွေမှာ ရှုံးတတ်လဲဆိုတော့ "အာရုံစူးစိုက်မှုပျောက်ဆုံးတဲ့ အချိန်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိတဲ့အချိန်၊ အတိမ်းအစောင်းမခံတဲ့အချိန်မှာ အမှားလုပ်မိချိန်တွေမှာ ရှုံးတတ်တယ်။ ဒီအမှားတွေမလုပ်မိရင်တောင် ရော်ဂျာ၊ နိုဗက်တို့လိုကစားသမားတွေနဲ့ ကစားရတဲ့အချိန်မှာ ရှုံးတတ်တယ်"။

၂၀၀၇ ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲမှာ သူဖက်ဒါရာကို ရှုံးတော့ ကွင်းထဲမှာပဲ လုံချပစ်လိုက်တယ်။ အဝတ်လဲခန်းထဲမှာ ရေချိုးတာဝါကြီးပတ်ပြီး (၁)နာရီခွဲလောက် ထိုင်နေမိတယ်။ "နောက်တစ်နေ့ကျတော့ ကျွန်တော် အဲဒီခံစားမှုကြီးကို အရမ်းကြောက်သွားတယ်။ ရှုံးနိမ့်မှုအပေါ်မှာ ကျွန်တော်ခံနိုင်ရည်နည်းပါတယ်။ ဒါကြောင့် ကွင်းထဲမှာ ကျွန်တော်ငိုပြီး ပေါက်ကွဲတတ်လာတယ်။ အဓိက ကတော့ ရှုံးပြီးတဲ့အချိန်မှာ ခံစားရတဲ့စိတ်ကို ကျွန်တော်ကြောက်လို့ပါ"လို့ ဝန်ခံခဲ့တယ်။ ဒါကြောင့်လည်း နဒါးလ်ဟာ ကွင်းထဲမှာ မာန်ထောင်နေတဲ့၊ စိတ်ကြီးဝင်နေတဲ့၊ ပြိုင်ဘက်အပေါ် မလေးစားတဲ့ အမူအရာတွေ တွေ့နေရတာဖြစ်ပါတယ်။ နဒါးလ်ကလည်း အားငယ်တတ်တဲ့ စိတ်ကို မုန်ယိုနေတတ်အမူအယာမျိုးနဲ့ ဖုံးကွယ်ထားတဲ့ လူထဲက လူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ သူကဒီအကြောင်းကို ရိုးသားစွာပဲ ဝန်ခံခဲ့တယ်။

နဒါးလ်က ဂရင်းစလင်းဖလားကို (၁၃)ကြိမ်ယူထားပြီးပြီ။ ဖက်ဒါရာကို မီဖို့ (၄)ကြိမ်ပဲလိုတော့တယ်။ ပထမဆုံး ဂရင်းစလင်းဖလားကို စ ရတာက ၂၀၀၅၊ အသက်က (၁၉)နှစ်၊ ပြင်သစ်အိုးပင်းမှာပါ။ ဒီဖလားကို နောက်ထပ် (၇)ကြိမ်ထပ်ရခဲ့တယ်။ ဝင်ဘယ်လ်ဒန်မှာ (၂)ကြိမ်ဗိုလ်စွဲတယ်။ US Open (၂)ကြိမ်နဲ့ ဩစတြေးလျဖလား(၁)ကြိမ်ရတယ်။ အဝတ်စုတ်ကနေ ရွှေပုဝါဘဝကိုပြောင်းလာပေမယ့် သူ့ရဲ့ ပြင်ပလူနေမှုဘဝကတော့ သိပ်မပြောင်းဘူး။ စူပါစတားအားကစားသမားတွေဟာ ကိုယ်ပိုင်ဝင်ငွေတွေနဲ့ ဘဝတစ်ခုကို စိတ်ကြိုက်ဖန်တီးနေချိန်မှာ နဒါးလ်က ရတဲ့ပိုက်ဆံကို မိဘတွေနာမည်နဲ့ ဘဏ်စာရင်းထဲကို ထည့်ပေးနေရတုန်းပဲ။

နဒါးလ်ကိုမွေးခဲ့တာက မာယောကာမြို့က မာနေကော်ဆိုတဲ့၊ ထည်ဝါမှုမရှိတဲ့ မြို့လေးတစ်မြို့မှာပါ။ ဘယ်လာရီကျွန်းက ငှက်အုပ်ကြီးတွေကိုကြည့်ချင်လို့ လာတဲ့ ကမ္ဘာ့လှည့်ခရီးသည်အရေအတွက်က တစ်နှစ်ကို (၉)သန်းရှိတယ်။ ဒါပေမဲ့ ခေတ်ဆန်တဲ့ အဆောက်အဦဆိုတာ မတွေ့ရသလောက်ရှားပါးပြီး ရှေးဟောင်းအမွေအနှစ်တွေကိုထိန်းသိမ်းထားတဲ့ နေရာတစ်ခုဖြစ်တယ်။ သူတင်းနစ်စကစားတော့ အသက်က (၃)နှစ်။ သူ့ဦးလေး တိုနီနဒါးလ်က ဒေသတွင်း တင်းနစ်သင်တန်းငယ်လေးမှာ နည်းပြလုပ်နေတယ်။ သူ့ရဲ့ လူငယ်ဘဝမှာ ဘောလုံးနဲ့ တင်းနစ်ဘာကိုရွေးမလဲဆိုတာက အခက်ခဲဆုံးစိန်ခေါ်မှုတစ်ခုဖြစ်ခဲ့တယ်၊ နဒါးလ်ရဲ့ အခြားဦးလေးတစ်ဦးဖြစ်တဲ့ တိုနီနဒါးလ်ရဲ့ ညီ အိန်ဂျယ်လ်နဒါးလ်က ဘာစီလိုနာနဲ့ စပိန်လက်ရွေးစင်အသင်းမှာကစားနေတဲ့ ဘောလုံးသမားတစ်ယောက်ဖြစ်တယ်။

ဒါပေမဲ့ နဒါးလ်အတွက် ရှင်းလင်းပြတ်သားတဲ့ လမ်းကြောင်းတစ်ခုပေါ်လာတယ်။ အဲဒါက စပိန်ယူ-၁၄ တင်းနစ်ပြိုင်ပွဲမှာ (၁၂)နှစ်သားဖြစ်တဲ့ နဒါးလ်က ဗိုလ်စွဲခဲ့တယ်။ ဒီပြိုင်ပွဲမှာဗိုလ်စွဲခဲ့ခြင်းက သူ့ကိုတင်းနစ်လောကကိုရွေးချယ်စေဖို့ဖြစ်လာတယ်။ ကမ္ဘာ့တင်းနစ်လောကရဲ့ အဆင့်မြင့်ဖလားတစ်လုံးကို (၁၅)နှစ်အရွယ်မှာစရတယ်။ အဲဒီအချိန်က ကမ္ဘာ့တင်းနစ်လောကကို လွှမ်းမိုးလာတဲ့ ဖက်ဒါရာကို (၁၇)နှစ်သားအရွယ်မှာ စနိုင်တယ်။ ဒေးဗစ်ဖလားပြိုင်ပွဲရဲ့ အရေးပါတဲ့ တစ်ဦးချင်းအဆုံးအဖြတ်ပွဲကို (၁၈) နှစ်သားအရွယ်မှာ စကစားရတယ်။ နဒါးလ်က တင်းနစ်ကမ္ဘာကအလေးထားရတဲ့ တင်းနစ်သမားဖြစ်လာတယ်။ ဒါပေမဲ့ (၁၉)နှစ်သားမှာ ပြင်းထန်တဲ့ အရိုးကျိုးဒဏ်ရာရခဲ့တယ်။ သူ့ရဲ့ တင်းနစ်ဘဝက ပြီးသွားပြီလို့တောင် ယူဆခဲ့ကြတယ်။ "ဒီဒဏ်ရာကို ကျော်ဖြတ်ခဲ့တာနဲ့ ယှဉ်လိုက်ရင် ၂၀၁၃ မှာ ရခဲ့တဲ့ဒဏ်ရာကို ပြန်ကျော်ဖြတ်ရတာက ဘာမှမဟုတ်တော့ဘူး"လို့ နဒါးလ်က ပြောခဲ့တယ်။

ATP World Tour Final မှာ ဂျိုကိုဗစ်ကိုရှုံးခဲ့ပေမယ့် ပရိသတ်တွေက သူ့ကိုဂုဏ်ပြုခဲ့ကြတယ်။ "ကျွန်တော့်ရဲ့ ကစားသမားဘဝမှာ အကောင်းဆုံးအချိန်ဆိုတာ ရာနှုန်းပြည့်သေချာပါတယ်။ ပြိုင်ပွဲတွေနဲ့ (၇)လလောက်ကင်းကွာခဲ့တယ်။ ဒါပေမဲ့ ပြန်ကစားတဲ့အချိန်မှာ ဗိုလ်လုပွဲ(၁၄)ပွဲကစားရပြီး (၁၀)ကြိမ်ဗိုလ်စွဲခဲ့တယ်။ ဒါကို ကျွန်တော်ဂုဏ်ယူပါတယ်"လို့ပြောခဲ့တယ်။

နဒါးလ်က ကမ္ဘာကျော်အားကစားသမားတွေထဲမှာ အရိုးရှင်းဆုံးနေထိုင်မှုပုံစံကို တည်ဆောက်ထားသူလို့ဆိုနိုင်တယ်။ သူ့ကို သတင်းသမားတစ်ယောက်က မေးဖူးတယ်။ "မင်း ဘာကြောင့် ထင်ပေါ်အောင်မနေတာလဲ။ မင်းဘဝကို ထူးခြားပြီး ဂုဏ်ယူစရာကောင်းတဲ့ဘဝလို့ မထင်ဘူးလား"။ "မဟုတ်ဘူး။ ခင်ဗျားမှားနေပြီ။ ကျွန်တော့်ရဲ့ အောင်မြင်မှုတွေကို ကျွန်တော် ဂုဏ်ယူတာပေါ့။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဗီဇနဲ့ ဆန့်ကို အခြားဘယ်အရာက ကျော်နိုင်မှာလဲ။ လွတ်လပ်ပြီး ရိုးရှင်းတဲ့ ပုံစံတစ်ခုမှာ ပျော်ပျော်ရွှင်ရွှင်နေခွင့်ရတာဟာ လွယ်ကူတဲ့အရာလို့ ရောခင်ဗျားထင်နေလား" လို့ မေးခွန်းပြန်ထုတ်ခဲ့တယ်။ ပြီးတော့ ထပ်မေးတယ်၊ "ခင်ဗျားက US Open မှာ ကျွန်တော်ဗိုလ်စွဲတာ၊ ရိုလန်ဂါးရို့စ်မှာ ကျွန်တော်ဗိုလ်စွဲတာကို သိပ်ခက်ခဲတယ်များထင်နေလား။ ဒီအရာတွေထက် စိတ်ချမ်းသာစွာနေခွင့်ရတဲ့ ဘဝတစ်ခုက အဆပေါင်းများစွာပိုခက်ပါတယ်။ ခင်ဗျား တိုက်ဂါးဝုဒ်ကိုကြည့်လေ၊ သူ့ရဲ့ အောင်မြင်မှု၊ ချမ်းသာမှုတွေက သိပ်ကိုကြီးမားပါတယ်။ ဒါပေမဲ့ သူနေထိုင်တဲ့ပုံစံက ဘယ်လောက်များခမ်းနားနေလို့လဲ။ ကျွန်တော် သူ့ကိုအရမ်းသဘောကျတယ်" လို့ ဖြေခဲ့တယ်။

ဆက်လက်ဖော်ပြပါမည်။




Photo : AFP , Getty Images

Premier Eleven Sports Journal Vol:11 No.26 23, February, 2014

ပြီးခဲ့သည့်တစ်ပတ်အတွင်း ပွဲကောင်းတွေကများခဲ့သည်။ မန်စီးတီး-ချယ်လ်ဆီး၊ အာဆင်နယ်-လီဗာပူးလ်ပွဲတွေရှိနေသည့် FA ဖလားပြိုင်ပွဲ။ ပြီးတော့ မန်စီးတီး-ဘာစီလိုနာ၊ အာဆင်နယ်-ဘေယန်မြူးနစ်တို့ ရင်ဆိုင်တွေ့နေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲ။ ဒီထဲမှာမှ အသင်းကောင်း(၂)သင်းနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရသည့် မန်စီးတီးအကြောင်း ပြောချင်သည်။ မန်စီးအတွက် ရိုလာကိုစတာနေ့ရက်များဟုသာ ဆိုချင်သည်။ FA ဖလားမှာ ချယ်လ်ဆီးကို ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သဖြင့် မန်စီးတီးအသင်း ဝမ်းသာရွှင်မြူးခဲ့ပေမဲ့ ချန်ပီယံလိဂ်တွင် ဘာစီလိုနာအား အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ရသည်။ (၂)ဂိုးပြတ်၊ ဂိုးပြန်မရသည့်အနေအထားက မန်စီးတီးရဲ့ ဥရောပညသချမ်းများ အဆုံးသတ် သွားနိုင်သည့်အခြေအနေ။ အာဆင်နယ်ကတော့ (၅-၁)ဂိုးဖြင့် မရှုမလှရှုံးခဲ့သည့် လီဗာပူးလ်ကို ရှုံးကြွေးပြန်ဆပ်ကာ FA ဖလားနောက်တစ်ဆင့်ကို တက်ရောက်ခဲ့သည်။

# ရင်ခုန်ဖွယ် ဥရောပပွဲစဉ်အချို့ကိုပြန်လည်ခံစားခြင်း



Photo: AFP

ချယ်လ်ဆီးနှင့် FA ဖလားပွဲစဉ်တွင် ရှုံးနိမ့်သွားအပြီး တွေ့ရသည့် မန်စီးတီးကွင်းလယ်လူ နာဆရီ

ဘာစီလိုနာနှင့်ပွဲတွင် တွေ့ရသည့် မန်စီးတီးကစားသမားအချို့

## မန်စီးတီးရဲ့ လှပတဲ့ ည

ဒီရာသီမှာချယ်လ်ဆီးကိုမန်စီးတီး(၂)ကြိမ်ရှုံးခဲ့သည်။ တတိယမြောက်တွေ့ဆုံပွဲမှာ မန်စီးတီးရဲ့ ဒုတိယဦးစားပေးတွေလို့ဆိုနိုင်တဲ့ ကလစ်ချီ၊ မိလ်နာ၊ ဟာဗီဂါစီယာ၊ ယိုဗီတစ်၊ လက်စ်ကော့တို့ ပွဲထွက်လာသည်။ ချယ်လ်ဆီးက လူစုံနီးပါးခင်းကျင်းထားသည်။ မန်စီးတီးတော့ ထပ်နာဦးမည်ဟုယူဆခဲ့သည်။ ပွဲကစားတော့ ဒီအတွေးကတက်တက်စင်အောင်လွဲ။ မိနစ်(၉၀)မှာ ဂိုးပေါက်တည့်တစ်ကြိမ်တောင်မရှိခဲ့တဲ့ ချယ်လ်ဆီးရဲ့ စွမ်းဆောင်ရည်က မယုံနိုင်စရာ။ မန်စီးတီးက ချယ်လ်ဆီးနဲ့ နောက်တွေ့မယ့် ပြိုင်ဘက်တွေသူတို့ကိုဘယ်လိုကစားရမလဲဆိုတာကိုပါ ပညာပေးသွားခဲ့သည်။

ချယ်လ်ဆီးရဲ့ Quick Trio လို့ခေါ်တဲ့ ဟာဇက်၊ ဝီလီယံ၊ ရာမီရက်စ်တို့ရဲ့ အားကို မန်စီးတီးသိသည်။ ဒီအတွဲကို ရပ်တန့်နိုင်ရင် ချယ်လ်ဆီးဘာဖြစ်သွားမလဲဆိုတာ မန်စီးတီးသိသည်။ ချယ်လ်ဆီးရဲ့ အားအကောင်းဆုံးလက်နက်ဖြစ်တဲ့ တန်ပြန်တိုက်စစ်နဲ့ တောင်ပံတိုက်စစ်တွေမှာ ဒီ(၃)ဦး(ရာမိရက်စ်နှင့် အော်စကာအခြေအနေအရ အပြောင်းအလဲရှိ)က အဓိကဖြစ်တယ်ဆိုတာ မန်စီးတီးသိသည်။ ဒီတော့ ဂါစီယာက ခပ်ကြမ်းကြမ်းကစားသည်။ ကွန်ပနီက လက်စ်ကော့ကို နောက်မှာချန်ပြီး ကွင်းလယ်အထိ တက်ဖိုက်သည်။ ဟာဇက်နဲ့ တွေ့ရင်ခံနေကျ ဇဘာလက်တာက အာရုံစူးစိုက်မှုအပြည့်နဲ့ မလွှတ်တမ်းလိုက်သည်။ ကွင်းလယ်အထိ တက်ဖျက်သည့် ကွန်ပနီရဲ့ ဖျက်အားကို ချယ်လ်ဆီးရဲ့ Fragile ကစားသမားတွေ တောင့်မခံနိုင်။ ကွန်ပနီ တစ်ပွဲလုံးမှာ တစ်ကြိမ်ပဲမှားသည်။ ဒီအမှားအတွက်လည်း ဟာဇက်ကို ဆွဲချပြီး အဝါအပြခံခဲ့သည်။ ကွင်းလယ်တိုက်စစ်(၃)ဦးတွဲရပ်သွားမှတော့ ကျန်တာကတော့ ဘာမှ ပြောစရာမရှိတော့။ ချယ်လ်ဆီးလည်းရပ်သွားသည်။

## ခါးသီးတဲ့ ဘဝ

ချယ်လ်ဆီးကိုနိုင်ပြီးတော့ ဘာစီလိုနာနှင့် ထပ်တွေ့သည်။ အခြေအနေက ပြောင်းပြန်ဖြစ်သွားသည်။ ယာယာတိုရေးဆိုတာ၊ ကွန်ပနီဆိုတာ၊ ဆေးလ်ဗားဆိုတာ ပရီးမီးယားလိဂ်ရဲ့ ခေါင်းတွေဖြစ်သည်။ ဒါပေမဲ့ ဘာစီလိုနာနဲ့ ယှဉ်လိုက်တော့လည်း ဘာမှမဟုတ်တော့သလို။ တစ်ခုတော့ ရှိသည်။ ခြေစွမ်းချင်းမယှဉ်နိုင်တာအပထား။ နည်းဗျူဟာပိုင်းအရ (၁၁)ယောက်ချင်းမှာ မန်စီးတီးမရှုံးခဲ့။ ဘာစီလိုနာထက်အခွင့်အရေးတွေတောင် ပိုရခဲ့သေးသည်။ ဒီမစ်ချယ်လစ်ရဲ့ အနီနဲ့အတူပေးလိုက်ရတဲ့ ပယ်နယ်တီ။ တစ်ယောက်လျော့သွားတဲ့ လက်ကျန်မိနစ်တွေက မန်စီးတီးကို ပြန်မတက်နိုင်တဲ့ ချောက်ထဲတွန်းချလိုက်သည်။

ဂရေဟမ်ပိုးလ်ကတော့ မက်ဆီရဲ့ ပယ်နယ်တီဖြစ်ရပ်မှာ ဒိုင်မှန်သည်လို့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်သည်။ ဒါပေမဲ့ ဒိုင်တွေက ဘောလုံးသမားတစ်ဦးနဲ့ တစ်ဦးအထိ၊ အငြိတွေမှာ First Contact ကိုပဲကြည့်တာမဟုတ်ဘူးလား။ First Contact က ပယ်နယ်တီဧရိယာအပြင်ဘက်မှာဖြစ်ခဲ့တာမဟုတ်ဘူးလား။ Last Defender ဖြစ်နေလို့ အနီကတ်ကို သေချာပေါက်ပြရမယ့်အနေအထားမှာ စည်းတွင်းလား၊ စည်းပြင်လား သေချာမမြင်ဘူးဆိုရင်တောင် Controversial Right ကိုခံစားခွင့်မပေးချင်ဘူးလား။ ဆွီဒင်က ပွဲအဆင့်နဲ့ ဥရောပက ပွဲအဆင့် မတူဘူးဆိုတဲ့ ပယ်လီဂရီနီရဲ့ မှတ်ချက်စကားက ပြင်းထန်လွန်းသည်လို့တော့ မဆိုသာ။



Photo: AFP

အာဆင်နယ်နှင့်ပွဲအပြီး ကွင်းအပြင်သို့ ထွက်ခွာလာစဉ် တွေ့ရသည့် လီဗာပူးလ်တိုက်စစ်မှူး စတားရစ်ချ်

## နည်းဗျူဟာတိုက်ပွဲ

(၅-၁)ဂိုးနဲ့ ပူပူနွေးနွေးရှုံးထားသည့်အသင်းကို အာဆင်နယ်က (၂-၁)ဂိုးနဲ့ ပြန်အနိုင်ကစားလိုက်သည်။ လီဗာပူးလ်က အကောင်းဆုံးလူစာရင်းနဲ့ ထွက်လာပြီး ဘေယန်ပွဲရှိနေတဲ့ အာဆင်နယ်က အရန်တွေကိုတွဲပြီးသုံးခဲ့သည်။ စိတ်ဝင်စားစရာကောင်းတာက ရလဒ်နဲ့ ခြေစွမ်းထက် အာဆင်နယ် အမှားပြင်သွားပုံလေးဖြစ်သည်။ အာဆင်နယ်ရဲ့ Full Back (၂)ဦးက အတွင်းလူ (၂)ဦးနဲ့ တွဲပြီး Solid Defence ကစားသည်။ နောက်ခံအတွင်းလူ(၂)ဦးက အစွန်တွေအထိ သိပ်မလိုက်ရတော့ပဲ ခံစစ်စည်းထဲမှာ အပြည့်အဝကာကွယ်နိုင်သည်။ နောက်တစ်ချက်က Conservative ကွင်းလယ်လူတွေလို့ ဆိုနိုင်တဲ့ အာတီတာနဲ့ဖလာမီနီတို့ကို တွဲပေးထားသည်။ အခြေအနေအရ သုံးရသည်ဆိုဦးတော့ တိုက်စစ်အားသန်တဲ့ ရမ်ဆေး၊ ဝဲလ်ရှိုင်းယားတို့ထက် ခံစစ်ကြောင်းကို ပိုကာကွယ်နိုင်သည်။ ခံစစ်အားသန်တဲ့ (၂)ဦးကြောင့် ဂျရတ်က တစ်ဖက်အသင်းမှာ ပိုပြီးလွတ်လွတ်လပ်လပ်ကစားလို့ရသွားပေမယ့် အခြားအားသာမှုတွေအများကြီးရှိခဲ့သည်။ အိုဇေးလ်ရဲ့ ပုံမှန်စွမ်းဆောင်ရည်ကို ဒီပွဲမှာပြန်တွေ့ရပြီး၊ ချမ်ဘာလိန်ကတော့ တစ်လုံးသွင်း၊ တစ်လုံးဖန်တီးပြီး အကောင်းဆုံးကစားနိုင်ခဲ့သည်။

ပွဲသိမ်းခရာမှုတ်တော့ ဒီပွဲရဲ့ ကြေကွဲစရာအကောင်းဆုံးဇာတ်လမ်းက စသည်။ ပွဲကြည့်စင်ပေါ်က အောင်ပွဲခံနေတဲ့ အာဆင်နယ်ပရိသတ်တွေခေတ္တတော့ ဆွံ့အသွားသည်။ လီဗာပူးလ်ပရိသတ်တချို့ရဲ့ မျက်ရည်တွေကို သူချူလိုက်သည်။ စတားရစ်ချ်က မရင့်ကျက်မှု၊ တစ်ကိုယ်ကောင်းဆန်မှုတွေအတွက် သူ့စွမ်းသလောက်ချီးမြှောက်မှုကိုပြန်မရသူဖြစ်သည်။ အာဆင်နယ်ကို ဂိုးပြတ်နိုင်တဲ့ပွဲတုန်းကပဲ လူစားလဲခံရတာကို မကျေနပ်လို့ ဘရန်ဒန်ရော်ဂျာနဲ့ကတောက်ကဆဖြစ်ခဲ့သေးသည်။ ဒီဇာတ်လမ်းမှာတော့ စတားရစ်ချ်က အလွမ်းမင်းသားဖြစ်သွားသည်။ သူဖြုန်းခဲ့တဲ့ဘောလုံးတွေနဲ့ ကောင်းလျက်နဲ့ ရှုံးခဲ့တဲ့အသင်းအတွက် ရင်ထုမနာဖြစ်ခဲ့ရှာသည်။ ပွဲနိမ့်တွင်းမှာကတည်းက အချိန်ဆွဲနေတဲ့ အာဆင်နယ်ဂိုးသမား ဖေဘီယန်စကီးရဲ့ ဖိနပ်ကြိုးကို သွားချည်ပေးပြီး အသင်းနိုင်ဖို့ထက် ဘာမှအရေးမကြီးဆိုတဲ့စိတ်ဓာတ်ကိုပြခဲ့သေးသည်။ ဒီပွဲမှာတော့ စတားရစ်ချ်က ပရိသတ်ရဲ့ မေတ္တာတွေကို ပြန်ယူသွားခဲ့သည်။

